# လီနင်

## ဆောင်းပါး (၃) စောင်



- ကျွန်တော်တို့ရဲ့လုပ်ငန်းစဉ်
- ကျွန်တော်တို့ရဲ့လက်တလောလုပ်ငန်း
- အမြန်ရှင်းရန်လိုသောပြဿနာတခု

၂၀၁၁ ခု၊ မေလ ၃၁။

## အမှာ

– လီနင်ဝါဒကို လေ့လာချင်ရင် လီနင်ရဲ့အတွေးအခေါ်တွေကို သိရမယ်။ လေ့လာရမယ်။

ယခုဆောင်းပါးစုကို လီနင်ရေးသားချိန် (၁၈၉၉) ဆိုတာ တော်တော်စောပါတယ်။ ဘော်ရှီဗစ် – မင်ရှီဗစ် မကွဲသေးဘူး။ အစ္စကရာ (၁၉၀၀ – ၀၁) တောင် မထွက်သေးဘူး။

– ဗမာပြည်မှာ စစ်အာဏာရှင်စနစ်က ဇာဘုရင်ထက် မလျော့တဲ့၊ ပိုရက်စက်တဲ့၊ ပိုကောက်ကျစ်တဲ့ အကြမ်းဖက်လုပ်ဟန်တွေနဲ့ ပြည်သူတွေအပေါ် ရာစုနှစ်ဝက်ခန့် ဖိနှိပ်ထားချိန်၊ အလုပ်သမားလူတန်းစား ပြန်လည်နိုးထစပြုနေချိန်။

– လီနင်တို့ခေတ်က စည်းရုံးရေးပုံသဏ္ဍာန်၊ တိုက်ပွဲပုံသဏ္ဍာန်တွေကို လေ့လာနိုင်ဖို့

ကိုယ့်နိုင်ငံကိုယ့်အခြေအနေနဲ့ ကိုက်ညီမယ့်လုပ်ငန်းစဉ်ကို ဆဝါးနိုင်ဖို့

ဤစာစဉ်ကို ထုတ်ဝေလိုက်ပါတယ်။

ဗဟိုဝါဒဖြန့်ချိရေးဌာန<br>
ဗမာပြည်ကွန်မြူနစ်ပါတီ။<br>
(၂၀၁၁ ခု မေ ၃၁ ရက်)

## “အလုပ်သမားသတင်းစာ” အတွက် ဆောင်းပါးများ

‘ကျွန်တော်တို့ရဲ့လုပ်ငန်းစဉ်’ ‘ကျွန်တော်တို့ရဲ့ လတ်တလောလုပ်ငန်း’ နဲ့ ‘အမြန်ရှင်းရမယ့်ပြဿနာတခု’ ဆောင်းပါးများကို လီနင်သည် နိုင်ငံခြားမှာရှိစဉ် ‘အလုပ်သမားသတင်းစာ’ အတွက် ၁၈၉၉ ဒုတိယ နှစ်ဝက်ကာလတွင် ရေးသားခဲ့သည်။

## ကျွန်တော်တို့ရဲ့လုပ်ငန်းစဉ်
## (လီနင် ၁၈၉၉)

နိုင်ငံတကာဆိုရှယ်ဒီမိုကရေစီအင်အားများဟာ အခုအခါ အတွေးအခေါ်ယိမ်းယိုင်မှုတွေ ဖြစ်နေပါတယ်။ မာ့က်စ်အိန်ဂယ်တို့ရဲ့ သင်ကြားချက်တွေကို အခုအချိန်အထိ ခိုင်မာတဲ့တော်လှန်ရေးသဘောတရား အခြေခံတွေအဖြစ် ယူဆခဲ့ကြတယ်။ ဒါပေမဲ့ အခုတလောမှာတော့ ဒီသင်ကြားချက်တွေဟာ မလုံလောက်တော့ဘူး။ ခေတ်နောက်ကျနေပြီစတဲ့ စကားသံတွေကို နေရာတကာမှာ ကြားနေရတယ်။ ကိုယ့်ကိုယ်ကို ဆိုရှယ်ဒီမိုကရေစီဝါဒသမားအဖြစ် သတ်မှတ်ပြီး ဆိုရှယ်ဒီမိုကရေစီအာဘော်သတင်းစာတစောင်ထွက်ဖို့ ရည်ရွယ်ထားသူမှန်ရင် ဂျာမဏီနဲ့တခြားနိုင်ငံများမှ ဆိုရှယ်ဒီမိုကရေစီသမားများ ဇောင်းပေးစဉ်းစားနေကြတဲ့ ဒီပြဿနာအပေါ် ဘယ်လိုသဘောထားမလဲဆိုတာ ရှင်းရှင်းလင်းလင်း ရှိနေရပါမယ်။

ကျွန်တော်တို့ဟာ မာ့က်စ်ဝါဒသဘောတရားဘက်မှာ လုံးဝရပ်တည်ပါတယ်။ မာ့က်စ်ဝါဒဟာ ဆိုရှယ်လစ်ဝါဒကို စိတ်ကူးယဉ်အဆင့်က သိပ္ပံနည်းကျအဆင့်သို့ ပထမဦးဆုံးပြောင်းလဲခဲ့တယ်။ ဒီသိပ္ပံပညာရပ်အတွက် ခိုင်မာတဲ့အခြေခံကို ပထမဆုံးချပေးခဲ့တယ်။ ဆိုရှယ်လစ်ဝါဒကို ဘက်ပေါင်းစုံပိုမိုပြည့်စုံ၊ အသေးစိတ်ကျအောင် ဖွံ့ဖြိုးစေရာမှာ လျှောက်ရမယ့်လမ်းကို ပထမဆုံးညွှန်ပြခဲ့တယ်။ အလုပ်သမားကို ငှားရမ်းခြင်း၊ လုပ်အားကို ဝယ်ယူခြင်းတွေရဲ့ နောက်ကွယ်မှာ လက်တဆုပ်စာအရင်းရှင်၊ မြေရှင်၊ စက်ရုံပိုင်ရှင်၊ သတ္တုတွင်းပိုင်ရှင်စတာတွေက ဥစ္စာခနေမဲ့ ပြည်သူသန်းပေါင်းများစွာအပေါ် ကျေးကျွန်ပြုနေတယ်ဆိုတဲ့အချက်ကို ဘယ်နည်းဘယ်ပုံ ဖုံးကွယ်ထားတယ်ဆိုတာ ရှင်းပြလိုက်ပြီး

ခေတ်မီအရင်းရှင်စီးပွားရေးစနစ်ရဲ့ သဘာဝကို ဖွင့်ပြလိုက်ပါတယ်။ ခေတ်မီအရင်းရှင်စနစ် ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ အကြီးစားထုတ်လုပ်ရေးက အငယ်စားထုတ်လုပ်ရေးလေးတွေကို ဝါးမျိုဖျက်ဆီးပစ်တယ်။ နောက်ပြီး ဆိုရှယ်လစ်စနစ်လူ့အဖွဲ့အစည်းတရပ်ထူထောင်ဖို့ လိုလည်းလိုအပ်၊ ဖြစ်လည်းဖြစ်နိုင်တဲ့ အခြေအနေတွေ ပေါ်ထွက်လာတယ်။ အဲဒီအချက်ကို မာ့က်စ်ဝါဒက ညွှန်ပြခဲ့တယ်။ အမြစ်တွယ်နေတဲ့ ထုံးတမ်းစဉ်လာတွေ၊ နိုင်ငံရေးလုပ်ကြံမှုတွေ၊ နားလည်ရခက်တဲ့ ဥပဒေတွေ၊ ရှုပ်ထွေးပွေလီတဲ့ သဘောတရားတွေရဲ့ နောက်ကွယ်မှာ ပုန်းကွယ်နေတဲ့ *လူတန်းစားတိုက်ပွဲ*၊ အမျိုးမျိုးသော ခနဉ္စာပိုင်ရှင် လူတန်းစားများနဲ့ ခနဉ္စာမဲ့လူထု (ခနဉ္စာမဲ့တွေရဲ့ရှေ့ဆုံးမှာ *ပစ္စည်းမဲ့လူတန်းစား*) အကြားတိုက်ပွဲကို ဘယ်လိုမြင်အောင် ကြည့်ရမယ်ဆိုတာ မာ့က်စ်ဝါဒက သင်ကြားပေးခဲ့ပါတယ်။ တော်လှန်တဲ့ ဆိုရှယ်လစ်ပါတီတရပ် လုပ်ရမယ့် တကယ့်အလုပ်တာဝန်က လူ့အဖွဲ့အစည်း ပြန်ပုံသွင်းအလှဆင်ရေး အစီအစဉ်တွေ ချမှတ်နေဖို့မဟုတ်။ အလုပ်သမားဘဝ မြှင့်တင်ပေးရေးတရားကို အရင်းရှင်တွေ၊ သူ့နောက်လိုက်တွေထံ နားချဟောပြောနေဖို့မဟုတ်။ *ပစ္စည်းမဲ့လူတန်းစား တိုက်ပွဲကိုစည်းရုံး၊ ဒီတိုက်ပွဲကို ခေါင်းဆောင်ဖို့ ဖြစ်တယ်။ ဒီတိုက်ပွဲရဲ့ နောက်ဆုံးပိတ် ရည်ရွယ်ချက်က ပစ္စည်းမဲ့လူတန်းစားအနေနဲ့ နိုင်ငံရေးအာဏာကို သိမ်းပိုက်ပြီးနောက် ဆိုရှယ်လစ်လူ့အဖွဲ့အစည်းတရပ်ကို ထူထောင်ဖို့ ဖြစ်တယ်*ဆိုတာကို မာ့က်စ်ဝါဒက သင်ကြားခဲ့ပါတယ်။

ကဲ အခု ကျွန်တော်တို့မေးမယ်။ ကျွန်တော်တို့ခေတ်မှာ အသံကျယ်ဟစ်ပြီး ဂျာမန်ဆိုရှယ်လစ် ဘန်းစတိန်းဘေးမှာ စုစည်းမိနေကြတဲ့ 'ဆန်းသစ်မွမ်းမံရေးသမားများ' ဆိုသူတွေဟာ မာ့က်စ်ဝါဒသဘောတရားထဲကို တစုံတရာ အသစ်အဆန်း ဖြည့်သွင်းပေးခဲ့ပါသလား။ *ဘာအသစ်အဆန်းမှ မဖြည့်ဆည်းခဲ့ပါဘူး*။ မာ့က်စ်ဝါဒ သိပ္ပံပညာရပ်ကို ရှေ့တိုးတက်အောင် ဆက်လုပ်သွားဖို့ မာ့က်စ်နဲ့အိန်ဂယ်တို့က ကျွန်တော်တို့ကို ပြောသွားခဲ့တာပါ။ 'ဆန်းသစ်မွမ်းမံရေးသမား' ဆိုသူများက ဒါကို ရှေ့တလှမ်းလေးတောင် တိုးတက်အောင် မလုပ်ခဲ့ကြပါဘူး။ ပစ္စည်းမဲ့လူတန်းစားတိုက်ပွဲသဘောတရားတွေ ပြောပြတာ

မဟုတ်ဘဲ အလျှော့ပေးရေး သဘောတရားတွေပဲ ပြောပြခဲ့တာပါ။ ပစ္စည်းမဲ့လူတန်းစားရဲ့ အဆိုးဝါးဆုံးရန်သူတွေ၊ အစိုးရနဲ့ ဓနရှင်ပါတီတွေကို အလျှော့ပေးဖို့ပဲ ဟောပြောခဲ့တာပါ။ ဒီရန်သူတွေကတော့ ဆိုရှယ်လစ်တွေကို ဘယ်လိုထောင်ချောက်ဆင်ရမလဲဆိုတဲ့နည်းနာသစ်တွေ မမောမပန်း ရှာဖွေကြံဆနေကြပါတယ်။ ရုရှားဆိုရှယ်ဒီမိုကရေစီပါတီ တည်ထောင်သူ၊ ခေါင်းလည်းခေါင်းဆောင်သူတွေထဲက ပလက်ခနော့အနေနဲ့ ဘန်းစတိန်းရဲ့ နောက်ဆုံး 'ဝေဖန်ရေး' အပေါ် မညှာမတာဝေဖန်ခဲ့တာ လုံးဝမှန်ကန်ပါတယ်။ အခုလည်းပဲ (ဟန်နိုဗာကွန်ဂရက်မှာ) ဂျာမန်အလုပ်သမားကိုယ်စားလှယ်များကလည်း ဘန်းစတိန်းရဲ့ အမြင်တွေကို ပယ်ချလိုက်ပြန်ပါပြီ။

ဆိုရှယ်လစ်ပါတီကို 'အစစ်အမှန်ယုံကြည်သူ' တွေ လွှမ်းတဲ့ အဖွဲ့အစည်းတခုဖြစ်အောင် ကျွန်တော်တို့က ပြောင်းပစ်ချင်နေတယ်ဆိုတဲ့ အော်သံတွေ၊ 'အသစ်ကြိုက်သူ' တွေကို 'တရားသေ' အတိုင်း လိုက်မလုပ်ရကောင်းလား၊ အမှိုအခိုကင်းတဲ့ အမြင်တွေရှိရကောင်းလား ဘာညာဆိုပြီး ကျွန်တော်တို့က အပြစ်ပေးကြတော့မယ်ဆိုတဲ့ အော်သံတွေ ပေါ်လာပါတော့မယ် ခင်ဗျား။ အဲဒီအော်သံတွေ ပေါ်လာတော့မယ်ဆိုတဲ့အကြောင်း ကျွန်တော်တို့ ပြောလိုက်တဲ့အတွက်လည်း ကျွန်တော်တို့ကို အမျိုးမျိုးစွပ်စွဲကြပါဦးမယ်။ ဒီအော်သံတွေမှာပါတဲ့ ခေတ်ဆန်ဆန် ရှုတတဲ့စကားလုံး အားလုံးရဲ့ အဓိပ္ပာယ်ကို ကျွန်တော်တို့ နောကျေနေပါပြီ။ ဒီစကားလုံးတွေထဲမှာ မှန်ကန်တာ၊ အဓိပ္ပာယ်ရှိတာဆိုလို့ တလုံးတလေတောင်မှ မပါပါဘူး။ တော်လှန်တဲ့သဘောတရားတရပ်မပါဘဲနဲ့ တောင့်တင်းခိုင်မာတဲ့ ဆိုရှယ်လစ်ပါတီတရပ် မထူထောင်နိုင်ပါ။ အဲဒီလိုသဘောတရားနဲ့ပဲ ဆိုရှယ်လစ်ဝါဒီအားလုံးကို စုစည်းရတာပါ။ ဒီသဘောတရားနဲ့ပဲ ဆိုရှယ်လစ်တွေဟာ နားလည်ယုံကြည်ချက်တွေ ရရှိလာတာပါ။ သူတို့ရဲ့တိုက်ပွဲပရိယာယ်တွေ၊ လှုပ်ရှားမှုနည်းနာတွေထဲမှာ ဒီသဘောတရားကို အသုံးချကြရတာပါ။ ကိုယ်ဉာဏ်မီသလောက် မှန်ကန်တယ်လို့ ယူဆထားတဲ့ ဒီလိုသဘောတရားမျိုးကို ဖျက်လိုဖျက်ဆီး အရမ်းကာရော တိုက်ခိုက်လာရင် ကိုယ်က ကာကွယ်ရပါတယ်။ ဒီလိုကာကွယ်တာ

*အဝေဖန်မခံနိုင်ရာ မရောက်ပါဘူး။*

မာ့က်စ်ဝါဒ သဘောတရားဆိုတာ ပြီးပြည့်စုံနေတဲ့အရာ၊ မဖောက်ဖျက်နိုင်တဲ့အရာရယ်လို့ ကျွန်တော်တို့ မယူဆပါဘူး။ ဒါနဲ့ ပြောင်းပြန်ယူဆတာပါ။ မာ့က်စ်ရဲ့သဘောတရားဟာ ဆိုရှယ်လစ်သိပ္ပံပညာရပ်အတွက် အခြေခံအုတ်မြစ်ကိုပဲ ချပေးခဲ့တယ်။ ဆိုရှယ်လစ်ဝါဒီတွေဟာ လက်တွေ့ဘဝနဲ့ တပြေးညီဖြစ်ချင်ရင် ဒီသိပ္ပံပညာရပ်ကို ဘက်ပေါင်းစုံမှာ တိုးပွားဖြည့်ဆည်းနေရပါမယ်။ ကျွန်တော်တို့က အဲဒီလို ယူဆတာပါ။ မာ့က်စ်ဝါဒ သဘောတရားကို *အမှီအခိုကင်းကင်း*နဲ့ အသေးစိတ်ဖွံ့ဖြိုးစေဖို့ ရုရှားဆိုရှယ်လစ်တွေအတွက် အထူးလိုအပ်နေတယ်လို့ ထင်ပါတယ်။ ဘာလို့လဲဆိုတော့ ဒီသဘောတရားက ယေဘုယျလမ်းညွှန်မှုတွေကိုပဲ ချပေးထားတာဖြစ်လို့ပါပဲ။ ဒီမူတွေကို အင်္ဂလန်တို့၊ ပြင်သစ်တို့၊ ဂျာမဏီတို့၊ ရုရှားတို့မှာ မတူကွဲပြားစွာ ကျင့်သုံးခဲ့ပါတယ်။ ဒါကြောင့် ကျွန်တာ်တို့ သတင်းစာမှာ သဘောတရားရေး ဆောင်းပါးတွေရေးမယ်ဆိုရင် ဝမ်းမြောက်ဝမ်းသာနဲ့ နေရာပေးကြိုပါမယ်။ အငြင်းပွားဖွယ်အချက်အလက်တွေကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြဖို့ ရဲဘော်အားလုံးကို ဖိတ်ခေါ်ပါတယ်။

ဆိုရှယ်ဒီမိုကရေစီဝါဒသမား အားလုံးအတွက် ဘုံကျတဲ့ လုပ်ငန်းစဉ်ကို ရုရှားမှာ အသုံးချမယ်ဆိုရင် ထွက်ပေါ်လာမယ့် အဓိကပြဿနာက ဘာတွေပါလဲ။ ဒီလုပ်ငန်းစဉ်ရဲ့အနှစ်သာရက ပစ္စည်းမဲ့လူတန်းစားတိုက်ပွဲကို စည်းရုံး၊ ဒီတိုက်ပွဲကိုခေါင်းဆောင်ဖို့၊ ဒီတိုက်ပွဲရဲ့ နောက်ဆုံးပိတ်ရည်ရွယ်ချက်က ပစ္စည်းမဲ့လူတန်းစားအနေနဲ့ နိုင်ငံရေးအာဏာကို သိမ်းပိုက်ပြီးနောက် ဆိုရှယ်လစ် လူ့အဖွဲ့အစည်းတရပ် ထူထောင်ဖို့ ဖြစ်တယ်။ ဒါကို အထက်မှာလည်း ပြောပြီးပါပြီ။ ပစ္စည်းမဲ့လူတန်းစားတိုက်ပွဲမှာဆိုရင် စီးပွားရေးတိုက်ပွဲ (တဦးချင်း အရင်းရှင်များ သို့မဟုတ် တစုချင်းအရင်းရှင်အုပ်စုများကို ရင်ဆိုင်ကာ အလုပ်သမားများ ဘဝအခြေအနေ တိုးတက်ကောင်းမွန်ရေးအတွက် ဆင်နွှဲတဲ့တိုက်ပွဲ) နဲ့ နိုင်ငံရေးတိုက်ပွဲ (ပြည်သူ့အခွင့်အရေးများ တိုးချဲ့ရရှိရေး တနည်းအားဖြင့် ဒီမိုကရေစီရရှိရေးနဲ့ ပစ္စည်းမဲ့လူတန်းစားရဲ့ နိုင်ငံရေးအခွင့်အာဏာ တိုးချဲ့ရေး

တို့အတွက် အစိုးရနှင့် ရင်ဆိုင်ဆင်နွှဲတဲ့တိုက်ပွဲ) များ ပါဝင်ပါတယ်။

(*Rabochaya Mysl* 'အလုပ်သမားများရဲ့အတွေး' သတင်းစာကို ညွှန်ကြားနေသူတွေ အထင်အရှားပါဝင်တဲ့) ရုရှားဆိုရှယ်ဒီမိုကရေစီသမားတချို့ကတော့ စီးပွားရေးတိုက်ပွဲဟာ အများကြီးပိုအရေးကြီးတယ်လို့ ယူဆကြတယ်။ အနာဂတ်အတော်ကြာကာလအထိ နိုင်ငံရေးတိုက်ပွဲကို နောက်တန်းပို့ထားဖို့တောင် အစွန်းရောက်ပြောကြတာတွေ ရှိပါတယ်။ ဒီအမြင်ဟာ လုံးဝမှားယွင်းပါတယ်။ ဆိုရှယ်ဒီမိုကရေစီဝါဒသမားတွေ အားလုံးအနေနဲ့ သဘောတူထားပြီးသား အမြင်တွေ ရှိပါတယ်။ အလုပ်သမားလုတန်းစားရဲ့ စီးပွားရေးတိုက်ပွဲကို စည်းရုံးပေးဖို့ လိုအပ်တယ်။ ဒီအခြေခံနဲ့ အလုပ်သမားတွေကြားမှာ လှုံ့ဆော်ဖို့ လိုအပ်တယ်။ တနည်းအားဖြင့် အလုပ်ရှင်တွေနဲ့ ရင်ဆိုင်ရတဲ့ နေ့စဉ်တိုက်ပွဲလေးတွေမှာ အလုပ်သမားတွေကို ကူညီဖို့ လိုအပ်တယ်။ ဖိနှိပ်တဲ့သဏ္ဍာန်၊ ဖိနှိပ်တဲ့ကိစ္စမှန်သမျှကို ဂရုပြုမိအောင် လုပ်ပေးရမယ်။ ဒီလိုနဲ့ ဘဝတူချင်း ပူးပေါင်းဖို့လိုတယ်ဆိုတာ ရှင်းရှင်းမြင်လာအောင် ကူညီရမယ်။ ဒါတွေက အားလုံးသဘောတူထားပြီးသားတွေပါ။ ဒါပေမဲ့ စီးပွားရေးတိုက်ပွဲပဲ အလေးထားပြီး နိုင်ငံရေးတိုက်ပွဲကို ပစ်ထားရင် နိုင်ငံတကာဆိုရှယ်ဒီမိုကရေစီဝါဒရဲ့ အခြေခံမူတွေကို သွေဖီရာ ကျပါလိမ့်မယ်။ အလုပ်သမားလှုပ်ရှားမှုသမိုင်းတခုလုံးက ပေးထားခဲ့တဲ့ သင်ခန်းစာတွေကို မေ့ပစ်ရာ ကျပါလိမ့်မယ်။ ဓနရှင်လူတန်းစားနဲ့ သူ့ကိုအလုပ်အကျွေးပြုနေတဲ့ အစိုးရတို့ရဲ့ ထင်ရှားတဲ့ နောက်လိုက်တွေဟာ စီးပွားရေးသက်သက် အလုပ်သမားသမဂ္ဂတွေကို စည်းရုံးထူထောင်ဖို့၊ ဒီသမဂ္ဂတွေကို 'နိုင်ငံရေး' နဲ့ ဝေးကွာသွားစေဖို့ ကြိုးစားခဲ့ကြတယ်။ ရုရှားအစိုးရကလည်းပဲ အဲဒီလို လမ်းလွှဲတာမျိုး လုပ်လာစရာ ဖြစ်နိုင်ခြေ များပါတယ်။ ပြည်သူတွေ အဖိနှိပ်ခံနေရတာ အခွင့်အရေးမဲ့နေတာကို အာရုံမစိုက်မိနေစေဖို့လောက်ပဲ မဖြစ်စလောက် အလျှော့ပေးတာ၊ အတုအယောင်အလျှော့ပေးတာမျိုးတွေ အစိုးရက တလျှောက်လုံး လုပ်လာခဲ့တာပါ။ ဂျာမဏီနဲ့ တခြားဥရောပနိုင်ငံအားလုံး (တူရကီနဲ့ရုရှားမပါ) အလုပ်သမားတွေ ရရှိထားကြသလို အလုပ်သမားအစည်းအဝေး၊ သမဂ္ဂများ လွတ်လပ်စွာစည်းရုံးလုပ်ဆောင်ခွင့်၊ ကိုယ်ပိုင်သတင်းစာများ ထုတ်ဝေခွင့်၊ မိမိတို့ ကိုယ်စားလှယ်များအား လွှတ်တော်အစည်းအဝေးများသို့ စေလွှတ်ခွင့် မရရှိထားဘူးဆိုရင် ဘာစီးပွားရေးတိုက်ပွဲလုပ်လုပ် အလုပ်သမားဘဝ ရေရှည်တိုးတက်မှု ရလာမှာ မဟုတ်ပါဘူး။ ဒါမှမဟုတ် ကြီးကြီးမားမား စီးပွားရေးတိုက်ပွဲတောင် ဆင်နွှဲနိုင်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ အလုပ်သမားအခွင့်အရေးတွေ ရရှိဖို့ဆိုရင် နိုင်ငံရေးတိုက်ပွဲ ဆင်နွှဲဖို့

လိုပါတယ်။

ရုရှားအလုပ်သမားတွေသာမက ပြည်သူအားလုံး နိုင်ငံရေးအခွင့်အရေး ဆုံးရှုံးနေရပါတယ်။ ရုရှားနိုင်ငံဟာ အကြွင်းမဲ့၊ အကန့်အသတ်မဲ့ သက်ဦးဆံပိုင်စနစ်နိုင်ငံ ဖြစ်ပါတယ်။ ဇာဘုရင်တဦးတည်းကပဲ ဥပဒေတွေ ချမှတ်ပြီး အရာရှိတွေခန့်အပ် ထိန်းချုပ်ထားပါတယ်။ ဒီအတွက်ကြောင့် ဇာဘုရင်အစိုးရဟာ လူတန်းစားအားလုံးရဲ့ အထက်မှာ သီးသန့်ရှိနေသလိုလို၊ အားလုံးကို တန်းတူသဘောထားသလိုလို ဖြစ်နေတာပါ။ ဒါပေမဲ့ တကယ်တမ်းမှာတော့ အရာရှိအားလုံးကို ချမ်းသာတဲ့ လူတန်းစားထဲက သီးသန့်ရွေးချယ်ခန့်အပ်ထားတာ ဖြစ်ပါတယ်။ ဒါကြောင့် အရာရှိအားလုံးဟာ အရင်းရှင်ကြီးတွေရဲ့ ဩဇာအောက်မှာ ရှိနေကြတာပါ။ ဒီအရင်းရှင်ကြီးတွေဟာလည်း အစိုးရဝန်ကြီးတွေကို ကြိုးဆွဲနေပြီး လိုရာအကုန် ရနေကြပါတယ်။ တခုက အရင်းရှင်မြေရှင်တွေရဲ့ လုယက်မှု၊ ကျူးကျော်မှုကို ခံနေရတယ်။ နောက်တခုက အရင်းရှင်မြေရှင်တွေကို ပြန်မလှန်နိုင်အောင် အလုပ်သမားတွေကို အစိုးရပုလိပ်တပ်ဖွဲ့က တုပ်နှောင်ပေးထားတယ်။ ပါးစပ်ပိတ်ပေးထားတယ်။ ပြည်သူ့အခွင့်အရေး ကာကွယ်ဖို့ ကြိုးစားမှုမှန်သမျှကို ဖိနှိပ်ပေးထားတယ်။ အရင်းရှင်တယောက်ကို သပိတ်မှောက်တိုင်း စစ်တပ်နဲ့ပုလိပ်ဟာ အလုပ်သမားတွေအပေါ် ထင်တိုင်းကြဲနိုင်ခွင့် ရထားတယ်။ ဒီတော့ စီးပွားရေးတိုက်ပွဲတိုင်းဟာ နိုင်ငံရေးတိုက်ပွဲ မလွဲမသွေ ဖြစ်လာတာပါပဲ။ ဒါကြောင့် ဆိုရှယ်ဒီမိုကရေစီပါတီအနေနဲ့ စီးပွားရေးတိုက်ပွဲနဲ့ နိုင်ငံရေးတိုက်ပွဲကို ပစ္စည်းမဲ့လူတန်းစားတိုက်ပွဲ တခုလုံးအတွင်းသို့ မကွဲမကွာ တသားတည်းဖြစ်အောင် ပေါင်းစပ်ပေးရပါမယ်။ ဒီတိုက်ပွဲရဲ့ ပထမဆုံးနဲ့ အဓိကရည်ရွယ်ချက်က နိုင်ငံရေးအခွင့်အရေးများ ရရှိရေး၊ နိုင်ငံရေးလွတ်လပ်မှုရရှိရေး ဖြစ်ပါတယ်။ ဆိုရှယ်လစ်တွေရဲ့ အကူအညီအနည်းငယ်မျှနဲ့ စိန့်ပီတာစဘတ်အလုပ်သမားတွေချည်းပဲ အလုပ်ချိန်လျှော့ပေါ့ပေးတဲ့ ဥပဒေချမှတ်ပေးဖို့ အစိုးရက လိုက်လျောလာအောင် တိုက်ပွဲဆင်တာ အလျင်အမြန်အောင်မြင်ခဲ့ကြတာပဲ။ ဒီတော့ ရုရှားအလုပ်သမား လူတန်းစားတရပ်လုံးအဖို့ ဆိုရင်လည်း တခုတည်းစုစည်းထားတဲ့ ရုရှားဆိုရှယ်ဒီမိုကရေစီ အလုပ်သမားပါတီရဲ့ ခေါင်းဆောင်မှုနဲ့ ဇွဲမလျှော့ဘဲ လုံးပန်းရင် ဒီထက်ပိုမိုအရေးကြီးတဲ့ အလျှော့ပေးမှုတွေ ရရှိအောင် လုပ်နိုင်မှာပါ။

တခြားလူတန်းစားများရဲ့ အကူအညီကို မရတောင်မှဘဲ ရုရှားအလုပ်သမားလူတန်းစားချည်းပဲ စီးပွားရေးနဲ့နိုင်ငံရေးတိုက်ပွဲကို ဆင်နွှဲနိုင်ပါတယ်။ ဒါပေမဲ့ နိုင်ငံရေးတိုက်ပွဲဆင်နွှဲရာမှာ အလုပ်သမားတွေဟာ တကောင်ကြွက်မဟုတ်ပါဘူး။ ပြည်သူလူထု အခွင့်အရေးမှန်သမျှ ဆုံးရှုံးနေရတာ၊

ထင်တိုင်းကြဲတတ်တဲ့ အစိုးရအရာရှိတွေကလည်း ဥပဒေမဲ့၊ စည်းမဲ့ကမ်းမဲ့ အရမ်းလုပ်တာတွေကြောင့် လွတ်လပ်စွာတွေးတော၊ ပြောဆိုမှုကို လုံးဝအထိပါး မခံနိုင်တဲ့ ရိုးသားတဲ့ ပညာတတ်တွေလည်း မကျေမနပ် ဖြစ်နေကြတယ်။ ဒါ့အပြင် အဖိနှိပ်ခံနေရတဲ့ ပိုလန်၊ ဖင်လန် ဂျူးနဲ့ရုရှားလူမျိုး ဘာသာရေးလောကက လူတွေလည်း မကျေမနပ် ဖြစ်နေကြတယ်။ အစိုးရအရာရှိတွေရဲ့ရန်က မလွတ်ကင်းနိုင်တဲ့ ကုန်သည်ပွဲစားလေးတွေ၊ အလုပ်ရုံပိုင်ရှင်တွေ၊ လယ်သမားတွေလည်း မကျေမနပ် ဖြစ်နေကြတယ်။ ဒီလူ့အလွှာတွေဟာ သီးခြားစီအနေနဲ့ဆိုရင် နိုင်ငံရေးတိုက်ပွဲကို ရေရှည်မဆင်နွှဲနိုင်ကြပါဘူး။ ဒါပေမဲ့ အလုပ်သမားလူတန်းစားက နိုင်ငံရေးတိုက်ပွဲအလံကို လွှင့်ထူလာတဲ့အခါမှာတော့ နေရာတကာက ထောက်ခံမှုကို ရရှိလာမှာပါ။ ပြည်သူ့အခွင့်အရေးအတွက် တိုက်ပွဲဝင်သူတွေ၊ ဒီမိုကရေစီရေးအတွက် တိုက်ပွဲဝင်သူတွေ အားလုံးရဲ့ရှေ့ဆုံးမှာ ရုရှားဆိုရှယ်ဒီမိုကရေစီပါတီက ရပ်တည်ပြီး ဖျက်ဆီးလို့မရတဲ့ အင်အားဖြစ်ကြောင်း ပြသသွားမှာ ဖြစ်ပါတယ်။

အဲဒါတွေကတော့ ကျွန်တော်တို့ရဲ့ အခြေခံအမြင်တွေပါပဲ။ ဒီအမြင်တွေကို စနစ်တကျနဲ့ ဘက်ပေါင်းစုံလည်းကျအောင် ကျွန်တော်တို့ရဲ့ သတင်းစာမှာ တိုးချဲ့တင်ပြသွားပါမယ်။ ဒီနည်းနဲ့ ရုရှားဆိုရှယ်ဒီမိုကရေစီ အလုပ်သမားပါတီရဲ့ ကြေညာစာတမ်းမှာ ညွှန်ပြထားတဲ့ လမ်းအတိုင်း လှမ်းသွားရမယ်လို့ ကျွန်တော်တို့ ယူဆပါတယ်။

လီနင် (၁၈၉၉)

## ကျွန်တော်တို့ရဲ့လတ်တလောလုပ်ငန်း
## (လီနင် ၁၈၉၉)

ရုရှားအလုပ်သမားလူတန်းစားလှုပ်ရှားမှုဟာ အခုအခါမှာ အကူးအပြောင်းကာလတခုကို ဖြတ်သန်းနေပါတယ်။ အနောက်ဘက်ပိုင်းဒေသ စိန့်ပီတာစဘတ်၊ ကီးယက်ဗ်နဲ့ တခြားမြို့များမှာ ဆိုရှယ်ဒီမိုကရေစီ အလုပ်သမားအဖွဲ့အစည်းများဟာ လုပ်ငန်းများကို ပြောင်မြောက်စွာ စတင်နိုင်ခဲ့ကြပြီး ရုရှားဆိုရှယ်ဒီမိုကရေစီ အလုပ်သမားပါတီ (၁၈၉၈ နွေဦး) ကို တည်ထောင်လိုက်ခြင်းအားဖြင့် ပထမခြေလှမ်းကို အဆုံးသတ်လိုက်ပါတယ်။ ဒီလိုကြီးမားတဲ့ ခြေလှမ်းကို အားကုန်လှမ်းလိုက်ရတဲ့အတွက် လတ်တလောမှာ ရုရှားဆိုရှယ်ဒီမိုကရေစီ အရေးတော်ပုံဟာ နွမ်းလျသွားပုံရပါတယ်။ ဒါကြောင့် တသီးတခြား ဒေသအဖွဲ့အစည်းကလေးတွေ လှုပ်ရှားခဲ့ကြတဲ့ ဟိုအရင်ပုံစံအဆင့်ကို နောက်ဆုတ်လိုက်ကြပါတယ်။ ပါတီဟာ ပျောက်ပျက်မသွားခဲ့ပါ။ ကိုယ့်ဘာသာ နောက်ဆုတ်လိုက်ခြင်းသာ ဖြစ်ပါတယ်။ အားအင်တွေ စုစည်းဖို့၊ ရုရှားတနိုင်ငံလုံးမှ ဆိုရှယ်ဒီမိုကရေစီဝါဒသမားများ သွေးစည်းရေးကို ခိုင်မြဲတဲ့ အခြေခံပေါ် ချပေးဖို့ နောက်ဆုတ်လိုက်ခြင်းသာ ဖြစ်ပါတယ်။ ဤသွေးစည်းမှုကို အကောင်အထည်ဖော်ရန် သင့်လျော်သောညီညွတ်ရေးပုံစံတရပ် ဖော်ဆောင်ရန် ဒေသချင်း သီးခြားကင်းကွာတဲ့၊ ကျဉ်းမြောင်းတဲ့စိတ်ဓာတ်ကို ဖယ်ရှားပစ်ရန် ကြိုးပမ်းရေးသည်ကား ရုရှားဆိုရှယ်ဒီမိုကရေစီအင်အားစုများရဲ့ အလျင်အလိုဆုံး လတ်တလောလုပ်ငန်းတာဝန် ဖြစ်ပါတယ်။

ပစ္စည်းမဲ့လူတန်းစားတိုက်ပွဲကို စည်းရုံးစုစည်းပေးရေးဟာ ကျွန်တော်တို့ရဲ့အလုပ် ဖြစ်တယ်ဆိုတာကကော ဘာကိုဆိုလိုတာပါလဲ။ စက်ရုံတရုံ သို့မဟုတ် စက်မှုလုပ်ငန်းခွဲတခုက အလုပ်သမားတွေဟာ သူတို့ရဲ့အလုပ်ရှင် (တွေ) နဲ့ တိုက်ပွဲဆင်ကြတယ်ဆိုပါစို့။ အဲဒါဟာ လူတန်းစားတိုက်ပွဲလား။ ဘယ်ဟုတ်မလဲ။ အဲဒါဟာ လူတန်းစားတိုက်ပွဲရဲ့ သန္ဓေသားလောင်းလေးမျှသာပဲ ဖြစ်သေးတယ်။ အလုပ်သမားတွေရဲ့ ရုန်းကန်တိုက်ပွဲဆင်မှုဟာ ဘယ်အခါမှ အလုပ်သမားလူတန်းစားတိုက်ပွဲရယ်လို့ ဖြစ်လာမှာလဲ။ တပြည်လုံးရှိ အလုပ်သမားလူတန်းစား တရပ်လုံးရဲ့ ရှေ့တန်းရောက်ကိုယ်စားလှယ် အားလုံးဟာ

သူတို့ကိုယ်သူတို့ တခုတည်းသော အလုပ်သမားလူတန်းစားအနေနဲ့ အသိစိတ်ဓာတ်ရှိနေကြပြီး တဦးချင်းအလုပ်ရှင်များကို ဦးတည်ရင်ဆိုင်တာမျိုးမဟုတ်ဘဲ အရင်းရှင်လူတန်းစား တရပ်လုံးနဲ့ ဒီလူတန်းစားကို ထောက်မပေးထားတဲ့ အစိုးရကို ဦးတည်ရင်ဆိုင်ဆန့်ကျင်တဲ့ တိုက်ပွဲတရပ်ဆင်နွှဲတဲ့အခါမှသာ အလုပ်သမားလူတန်းစားလို့ ပြောလို့ရမှာပါ။ အလုပ်သမားတဦးချင်းစီဟာ သူ့ကိုယ်သူ အလုပ်သမားလူတန်းစား တရပ်လုံးရဲ့ အဖွဲ့ဝင်တဦးအဖြစ် သဘောပေါက်နေပြီး သူနဲ့ပတ်သက်နေတဲ့ အလုပ်ရှင်တဦးချင်းနဲ့ အစိုးရအရာရှိတဦးချင်းအပေါ် သူနေ့စဉ်ဆင်နွှဲနေရတဲ့ တိုက်ပွဲသေးသေးလေးဟာ တကယ်တော့ ဓနရှင်လူတန်းစားတရပ်လုံးနဲ့ အစိုးရတခုလုံးအပေါ်ဆင်နွှဲတဲ့ တိုက်ပွဲလည်း ဖြစ်ပါကလားဆိုတာ တိုးချဲ့သဘောပေါက်နေတဲ့အခါမျိုးမှသာ သူ့ရဲ့တိုက်ပွဲဆင်မှုဟာ လူတန်းစားတိုက်ပွဲဆင်မှု ဖြစ်လာပါတယ်။ "လူတန်းစားတိုက်ပွဲတိုင်းဟာ နိုင်ငံရေးတိုက်ပွဲပဲ ဖြစ်တယ်" ဆိုတာ မာ့က်စ်ရဲ့ကျော်ကြားလှတဲ့ စကားတရပ်ပါ။ ဒါကို ဘယ်လိုနားလည်ရမလဲ။ အလုပ်ရှင်အပေါ် အလုပ်သမားက ဆင်နွှဲတဲ့ တိုက်ပွဲတိုင်းဟာ အမြဲတမ်းပဲ နိုင်ငံရေး (သဘောပါတဲ့) တိုက်ပွဲဖြစ်ကိုဖြစ်ရမယ်လို့ နားလည်လို့ မဖြစ်ပါဘူး။ အရင်းရှင်တွေအပေါ် အလုပ်သမားတွေ ဆင်နွှဲတဲ့တိုက်ပွဲဟာ အထက်မှာပြောခဲ့တဲ့ ပုံစံမျိုး လူတန်းစားတိုက်ပွဲဖြစ်လာတဲ့အခါမှသာ ဒီတိုက်ပွဲဟာ နိုင်ငံရေးတိုက်ပွဲလည်း ဖြစ်လာတယ်။ ဒီလိုနားလည်ရမှာပါ။ မိမိတို့အပေါ် ဖိနှိပ်သူများအပေါ် အလုပ်သမားများ ဆင်နွှဲနေတဲ့၊ အလိုအလျောက်ဖြစ်နေတဲ့ တိုက်ပွဲကို အလုပ်သမားလူတန်းစားတရပ်လုံးရဲ့ တိုက်ပွဲအဖြစ်သို့ ပြောင်းသွားအောင်လုပ်ဖို့ လိုတယ်။ ဒီအလိုအလျောက်တိုက်ပွဲတွေကို အခိုင်အမာနိုင်ငံရေးပါတီက အခိုင်အမာ နိုင်ငံရေး၊ လူမှုရေး ရည်မှန်းချက်များအတွက် ဆင်နွှဲတဲ့ တိုက်ပွဲအဖြစ်သို့ ပြောင်းသွားအောင်လုပ်ဖို့ လိုတယ်။ ဒီအတွက် ဆိုရှယ်ဒီမိုကရေစီအင်အားများဟာ အလုပ်သမားတွေကို စည်းရုံးစုဖွဲ့ပေးရမယ်။ သူတို့အကြားမှာ ဝါဒဖြန့်ချိရေး၊ လှုံ့ဆော်ရေးတွေ လုပ်ရမယ်။ ဒါတွေဟာ ဒေသကွက်ကွက်ချင်း လှုပ်ရှားမှုနဲ့ မရတဲ့ အလုပ်မျိုး ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ဒေသကွက်ကွက်ချင်း ဆိုရှယ်ဒီမိုကရေစီလှုပ်ရှားမှုဟာ အတော်လေး အဆင့်မြင့်နေပါပြီ။ ရုရှားတနိုင်ငံလုံးမှာ ဆိုရှယ်ဒီမိုကရေစီ အတွေးအခေါ်မျိုးစေ့များ ကြဲထားပြီးပါပြီ။ ဆိုရှယ်ဒီမိုကရေစီစာပေရဲ့ အစောဆုံးပုံစံဖြစ်တဲ့ အလုပ်သမားလက်ကမ်း စာစောင်များအကြောင်းကို စိန့်ပီတာစဘတ်မှ ကရာစနိုယာ့စ်ခ်အထိ၊ ကော့ကေးရှတောင်တန်းမှ ယူရယ်တောင်တန်းအထိ၊ ရုရှားအလုပ်သမားတွေ အားလုံးသိနေကြပြီပဲ။ ဒီဒေသကွက်ကွက်ချင်း အလုပ်တွေကို တခုတည်းတသားတည်းသော ပါတီတရပ်ရဲ့

အလုပ်ဖြစ်အောင် စုစည်းပေးဖို့ပဲ လိုအပ်နေတာပါ။ ကျွန်တော်တို့ ရှိသမျှအားတွေသုံးပြီး ကျော်လွှားဖြေရှင်းရမယ့် အားနည်းချက်ကတော့ တဒေသချင်း အလုပ်တွေမှာ တွေ့တွေ့နေရတဲ့ ကျဉ်းမြောင်းတဲ့၊ ‘အပျော်တမ်းဆန်’တဲ့ အကျင့် ဖြစ်ပါတယ်။ အဲဒီအပျော်တမ်းဆန်တဲ့ လက္ခဏာရှိနေတာကြောင့်ပဲပေါ့။ ရုရှားအလုပ်သမားလူတန်းစား လှုပ်ရှားမှုရဲ့အချင်းအရာ အတော်များများဟာ ဒေသကွက်ကွက်ချင်း အဖြစ်အပျက်သဘောသက်သက်ပဲ ဖြစ်နေတာပါ။ ဒီလှုပ်ရှားမှုတွေဟာ ရုရှားဆိုရှယ်ဒီမိုကရေစီ အရေးတော်ပုံတခုလုံးအတွက် နမူနာတွေအဖြစ် အရေးကြီးတယ်။ ရုရှားအလုပ်သမားလူတန်းစား လှုပ်ရှားမှုကြီးတခုလုံးထဲက အဆင့်တဆင့်အဖြစ်လည်း အရေးကြီးတယ်ဆိုတဲ့ အရေးပါမှုတွေလည်း မပေါ်မလွင်ဖြစ်နေတာပါ။ အဲဒီအလုပ်သမား လှုပ်ရှားမှုကလေးတွေအထဲမှာ ရုရှားတပြည်လုံး ဆိုင်ရာ ဘုံအကျိုးစီးပွားတွေ ပါဝင်နေပါလားဆိုတဲ့အသိ အလုပ်သမားတွေခေါင်းထဲမှာ အပြည့်အဝမရရှိသေးဘူး။ အလုပ်သမားတွေဟာ သူတို့ရဲ့တိုက်ပွဲကို ရုရှားဆိုရှယ်လစ်ဝါဒ၊ ရုရှားဒီမိုကရေစီဝါဒ အတွေး အခေါ်တွေနဲ့ အပြည့်အဝမဆက်စပ်နိုင်ကြသေးဘူး။ ဒါဟာ အပျော်တမ်းဆန်တဲ့ အကျင့်တွေကြောင့်ပဲ။ ရဲဘော်တွေမှာ သဘောတရားနဲ့လက်တွေ့ပြဿနာ ဆိုင်ရာ အမြင်အမျိုးမျိုး ရှိနေကြပါတယ်။ ဒါပေမဲ့ ဒီအမြင်တွေကို ပြည်လုံးဆိုင်ရာ သတင်းစာတခုထဲမှာ ပွင့်ပွင့်လင်းလင်း ဆွေးနွေးတာ မလုပ်နိုင်ဘူး ဖြစ်နေတယ်။ ဒီအမြင်တွေကို တခုတည်းသော လုပ်ငန်းစဉ်တရပ် အသေးစိတ်ရေးဆွဲရေး၊ ပါတီ အတွက် တခုတည်းသော နည်းပရိယာယ်လမ်းစဉ် ချမှတ်ရေးဆိုတဲ့ ကိစ္စအတွက် အသုံးမချနိုင်ဘူး ဖြစ်နေတယ်။ ဒီအမြင်တွေဟာ ကျဉ်းမြောင်းတဲ့ လေ့လာရေး အစုထဲမှာပဲ တိမ်မြုပ်သွားရင်သွား၊ ဒါမှမဟုတ် ဒေသကွက်ကွက်ချင်းကိစ္စ၊ ကြုံသလိုဖြစ်တဲ့ ကိစ္စတွေအဖြစ် အဆက်အစပ်မဲ့ ကားချဲ့ပစ်လိုက်ကြတယ်။ ဒါလည်း အပျော်တမ်းဆန်တဲ့ အကျင့်စရိုက်တွေကြောင့်ပဲ။ ကျွန်တော်တို့ အပျော်တမ်းဆန်တာတွေကို ရပ်တန့်ကရပ်ကြပါစို့။ ဘုံလှုပ်ရှားမှုဆီ ဦးတည်ဖို့၊ တခုတည်းသော ပါတီလုပ်ငန်းစဉ်တရပ် ဖော်ထုတ်ဖို့၊ ကျွန်တော်တို့ပါတီ နည်းပရိယာယ်လမ်းစဉ်၊ ပါတီအဖွဲ့အစည်းကိစ္စတွေ ပူးပေါင်းဆွေးနွေးဖို့အတွက် လုံလောက်တဲ့ ရင့်ကျက်မှုတွေ ကျွန်တော်တို့မှာ ရှိနေကြပြီပဲဟာ။

ရုရှားဆိုရှယ်ဒီမိုကရေစီပါတီဟာ ဟောင်းနွမ်းတဲ့ တော်လှန်ရေး၊ ဆိုရှယ်လစ်ရေး သဘောတရားတွေကို အတော်များများ ဝေဖန်ခဲ့ပြီးပါပြီ။ ဝေဖန်ရုံ၊ သဘောတရားဖန်တီးရုံပဲ မဟုတ်ပါဘူး။ ဆိုရှယ်ဒီမိုကရေစီ လုပ်ငန်းစဉ်ဟာ လေထဲမှာပဲ အောက်ခြေလွတ် တည်ရှိနေတာ မဟုတ်ဘူး။ ပြည်သူလူထု၊ စက်ရုံတွေထဲက ပစ္စည်းမဲ့လူထုအတွင်း အကျယ်အပြန့်နဲ့ အလိုအလျောက်

ပေါ်ပေါက်နေတဲ့ လုပ်ရှားမှုတွေနဲ့လည်း ပေါင်းစပ်မိနေပြီဆိုတာကိုလည်း သက်သေပြခဲ့ပြီးပါပြီ။ အခုတော့ အလွန်ခက်ခဲ၊ အလွန်လည်းအရေးကြီးတဲ့ အောက်ပါခြေလှမ်းကို လှမ်းရပါတော့မယ်။ အဲဒါကတော့ – လုပ်ရှားမှုတွေကို ကျွန်တော်တို့ရဲ့ အခြေအနေနဲ့ လိုက်လျောညီစွာ ခေါင်းဆောင်တဲ့ အဖွဲ့အစည်းတခု တည်ထောင်ဖို့ ဖြစ်ပါတယ်။ ဆိုရှယ်ဒီမိုကရေစီဆိုတာ အလုပ်သမားလှုပ်ရှားမှုကို သာမန်မျှ အလုပ်အကျွေးပြုရုံနဲ့ပဲ ပြီးတာမဟုတ်ပါဘူး။ (ကွန်မြူနစ်ပါတီကြေညာစာတမ်းပါ အခြေခံအတွေးအခေါ်များကို ထပ်လောင်း ဖွင့်ဆိုထားတဲ့ ကားလ်ကောက်စကီးရဲ့ ဖွင့်ဆိုချက်ကို သုံးပြောရရင်) ဆိုရှယ်ဒီမို ကရေစီဆိုတာ “ဆိုရှယ်လစ်ဝါဒနဲ့ အလုပ်သမားလူတန်းစားလှုပ်ရှားမှုတို့ကို ပေါင်းစပ်ခြင်း” ကို ဆိုလိုတာပါ။ ဆိုရှယ်ဒီမိုကရေစီရဲ့လုပ်ငန်းက အလို အလျောက်ဖြစ်နေတဲ့ အလုပ်သမားလူတန်းစား လှုပ်ရှားမှုကို ခိုင်မာတိကျတဲ့ ဆိုရှယ်လစ်ရေးဦးတည်ချက်တို့နဲ့ ပေါင်းစပ်ပေးဖို့ ဖြစ်ပါတယ်။ ခေတ်ပြိုင် သိပ္ပံပညာရေချိန်နဲ့ ကိုက်ညီတဲ့ ဆိုရှယ်လစ် အတွေးအခေါ်များနဲ့ ဆက်စပ်ပေးဖို့ ဖြစ်ပါတယ်။ ဆိုရှယ်လစ်စနစ်ကိုသွားရာမှာ ဒီမိုကရေစီရရှိရေး ပုံမှန်နိုင်ငံရေး တိုက်ပွဲများ ရှိရပါတယ်။ ဒီတိုက်ပွဲများနဲ့လည်း အလုပ်သမားလှုပ်ရှားမှုကို ဆက်စပ်ပေးဖို့ ဖြစ်ပါတယ်။ တခွန်းတည်းပြောရရင် ဒီအလိုအလျောက် အလုပ် သမားလူတန်းစား လှုပ်ရှားမှုကို တော်လှန်သောပါတီရဲ့ လုပ်ဆောင်ချက်ဖြင့် တပေါင်းတစည်းတည်း ခိုင်မာသိပ်သည်းအောင် ပေါင်းစည်းပေးဖို့ ဖြစ်ပါတယ်။ အနောက်ဥရောပ နိုင်ငံများမှ ဒီမိုကရေစီနဲ့ ဆိုရှယ်လစ်ဝါဒသမိုင်း၊ ရုရှား တော်လှန်ရေးသမိုင်း၊ ရုရှားအလုပ်သမားလူတန်းစား လှုပ်ရှားမှုအတွေ့ အကြုံတို့ကို ပိုင်နိုင်အောင်လေ့လာပြီး ခိုင်မာပြတ်သားတဲ့ အဖွဲ့အစည်းတခု တည်ထောင်ပြီး ကျွန်တော်တို့ပါတီအတွက် ခိုင်မာပြတ်သားတဲ့ နည်းပရိယာယ် များ ဖော်ထုတ်ကြရပါမယ်။ ဒီသမိုင်းအတွေ့အကြုံ အချက်အလက်များကို “ခွဲခြမ်းစိတ်ဖြာ” တဲ့ အလုပ်ကို အမှီအခိုကင်းကင်း လုပ်ကြရမယ်။ ဘာလို့လဲ ဆိုတော့ အသင့်ရှိပြီးသား နမူနာပုံစံကို ဘယ်မှာမှ ရှာမတွေ့နိုင်လို့ပါပဲ။ တဖက်ကကြည့်ရင် အနောက်ဥရောပနဲ့ ရုရှားဟာ အလုပ်သမား လူတန်းစား လှုပ်ရှားမှု အခြေအနေချင်း မတူညီကြပါဘူး။ ဒါကို မမြင်ရင် အလွန်အန္တရာယ် ရှိပါတယ်။ တခြားတဖက်ကကြည့်ရင် ရုရှားနိုင်ငံအရင်က တော်လှန်ရေး ပါတီတွေနဲ့ ရုရှားဆိုရှယ်ဒီမိုကရေစီပါတီလည်း အများကြီးကွာခြားပါတယ်။ ဒါကြောင့် တော်လှန်ရေးနည်းနာတွေအကြောင်း၊ သမိုင်းက လျှို့ဝှက်အဖွဲ့ အစည်းတွေအကြောင်း လေ့လာဖို့ လိုအပ်တယ်။ (ဒါကို လုံးဝလက်ခံတယ်) ဆိုပေမယ့် ဝေဖန်ပိုင်းခြားမှုရှိရှိ လေ့လာရမယ်။ လေ့လာပြီး ကိုယ့်ကိုယ်ပိုင်အဖွဲ့ အစည်းတရပ်ကို အမှီခိုကင်းကင်း တည်ဆောက်ကြရပါမယ်။

ဒီလုပ်ငန်းတာဝန်မျိုးကို တင်ပြရမှာ အဓိကမေးခွန်း ၂ ခု အထူးထင်ရှားစွာ ထွက်ပေါ်လာပါတယ်။ (၁) ဒေသတွေက ဆိုရှယ်ဒီမိုကရေစီအင်အားတွေဟာ လုံးဝလွတ်လပ်စွာ လှုပ်ရှားနိုင်ဖို့လိုတယ်ဆိုတဲ့ အချက်နဲ့ – တသားတည်းသောပါတီ။ ဆိုလိုတာက ဗဟိုတခုတည်းက ချုပ်ကိုင်ထားတဲ့ ပါတီတရပ် တည်ထောင်ဖို့ လိုအပ်တယ်ဆိုတဲ့ အချက်တို့ကို ဘယ်လို ပေါင်းစပ်ပေးမလဲ။ ဆိုရှယ်ဒီမိုကရေစီပါတီဟာ သူ့ရဲ့အင်အားများကို စက်မှုမြို့ကြီးတွေမှာ မတူတဲ့ကာလ၊ မတူတဲ့ အသွင်အပြင်တွေနဲ့ ဖြစ်ပေါ်နေတဲ့ အလုပ်သမားလူတန်းစား အလိုအလျောက် လှုပ်ရှားမှုတွေကတဆင့် ဖြည့်တင်းရရှိနေတာပါ။ ပါတီရဲ့ လှုပ်ရှားမှုမှန်သမျှကို ဒေသအသီးသီးရှိ ဆိုရှယ်ဒီမိုကရေစီအဖွဲ့အစည်းများရဲ့ လှုပ်ရှားမှုအပေါ်မှာ အခြေခံထားပါတယ်။ ဒေသအဖွဲ့အစည်းတွေရဲ့ လှုပ်ရှားမှုဟာ တသီးတသန့်စီ ကွဲနေတဲ့ "အပျော်တမ်းသမား" များရဲ့ လှုပ်ရှားမှုဖြစ်နေမယ်ဆိုရင် တကယ်တမ်းမညာမတာ ပြောရရင် ဒါဟာ ဆိုရှယ်ဒီမိုကရေစီလှုပ်ရှားမှုလို့ ပြောလို့မရပါဘူး။ ဘာလို့လဲဆိုတော့ ဒါဟာ ပစ္စည်းမဲ့လူတန်းစားတိုက်ပွဲကို စည်းရုံးဖွဲ့စည်းပေးတာ၊ ခေါင်းဆောင်တာ မဟုတ်လို့ပါပဲ။ (၂) ဆိုရှယ်ဒီမိုကရေစီအင်အားစုတွေဟာ နိုင်ငံရေးလွတ်လပ်မှုရရေး တိုက်ပွဲဆင်နွှဲဖို့ အဓိကဦးတည်တဲ့ တော်လှန်ရေးပါတီတရပ် ထူထောင်ဖို့ ကြိုးစားရမယ်ဆိုတဲ့ အချက်နဲ့ ဆိုရှယ်ဒီမိုကရေစီဝါဒက နိုင်ငံရေးလုပ်ကြံမှုတွေအတွက် စည်းရုံးလုပ်ဆောင်တာကို ပြတ်ပြတ်သားသား ဆန့်ကျင်တယ်။ အလုပ်သမားတွေကို "ကတုတ်တွေ တူးထားဖို့" လှုံ့ဆော်တာကို အလေးအနက် ဆန့်ကျင်တယ်။ (ဒါကို **P.B. Axelrod** ကလည်း မှန်ကန်စွာ ထောက်ပြခဲ့တယ်။) ခြုံပြောရရင် အစိုးရအပေါ် ထိုးစစ်ဆင်တိုက်ခိုက်ရေး၊ ဟိုဟိုဒီဒီ "စီမံကိန်း" ဆိုတာတွေကို တော်လှန်ရေးသမားတစုက ရေးဆွဲပြီး၊ အလုပ်သမားတွေကို အကောင်အထည်ဖော်ခိုင်းတာမျိုးကို အလေးအနက် ဆန့်ကျင်တယ်ဆိုတဲ့ အချက်တွေကို ဘယ်လိုပေါင်းစပ်မလဲ။

အဲဒီမေးခွန်းတွေအတွက် သဘောတရားရေးအရ အဖြေကို ရုရှားဆိုရှယ်ဒီမိုကရေစီဝါဒက ပေးထားပြီးဖြစ်တယ်ဆိုတာ မှချယုံကြည်ပါတယ်။ "ကျွန်တော်တို့ရဲ့လုပ်ငန်းစဉ်" ဆောင်းပါးထဲမှာ ပြောခဲ့ပြီးပါပြီ။ ထပ်မပြောလိုတော့ပါ။ အခုဟာက ဒီမေးခွန်းတွေအတွက် လက်တွေ့၊ အခိုင်အမာရေးအရ အဖြေကို ရှာကြဖို့ပါ။ တဦးတယောက်ချင်း၊ အင်အားစုတစုချင်းက လုပ်လို့မရပါ။ ဆိုရှယ်ဒီမိုကရေစီ အင်အားစုတရပ်လုံး စည်းရုံးစုဖွဲ့မှုရှိရှိ ရှာဖွေမှသာ ဒီအဖြေကို ရရှိမှာပါ။ လောလောဆယ် အလျင်အလိုဆုံး လုပ်ရမှာက ဒီမေးခွန်းတွေရဲ့ လက်တွေ့အဖြေကို ရှာကြဖို့ပဲ။ ဒီအတွက်ရည်ရွယ်ပြီး ပုံမှန်ထုတ်ဝေမယ့် ပါတီအာဘော်သတင်းစာတစောင် လတ်တလောထူထောင်ကြရမယ်။ ဒီသတင်းစာ

ဟာ ဒေသအသီးသီးက အစုတွေနဲ့ နီးနီးကပ်ကပ် ဆက်သွယ်မှုရှိနေရမယ်။ လာမယ့်ကာလတခုလုံးမှာ ဆိုရှယ်ဒီမိုကရေစီ လှုပ်ရှားမှုအားလုံးဟာ ဒီ (သတင်းစာထုထောင်ရေး) ရည်မှန်းချက်ကို ဦးတည်ထားသင့်ပါတယ်။ ဒီလိုသတင်းစာ မရှိရင် ဒေသအသီးသီး လုပ်ငန်းတွေဟာ 'အပျော်တမ်းဆန်' ပြီး ကျဉ်းမြောင်းနေဦးမှာပဲ။ တည်ထောင်မယ့်ပါတီဟာ ဘယ်လိုပါတီဖြစ်ရမလဲ ဆိုတာ သတင်းစာတစောင်ထဲမှာ စုစည်းရောင်ပြန်ဟပ်ဆွေးနွေးထားတာ မရှိရင်၊ အဲဒီပါတီ တည်ထောင်ရေးဆိုတာ အနည်းနဲ့အများ ဗလာစကားသာ ဖြစ်နေပါလိမ့်မယ်။ စီးပွားရေးတိုက်ပွဲတခုဟာ တပြည်လုံး ဗဟိုသတင်းစာတစောင်က စုစည်းပေးထားတာမရှိရင် ရုရှားပစ္စည်းမဲ့လူတန်းစား တရပ်လုံးရဲ့ လူတန်းစား တိုက်ပွဲ ဖြစ်လာမှာ မဟုတ်ပါဘူး။ ပါတီဟာ တခုလုံးအနေနဲ့ ပေါ်လစီပြဿနာ အားလုံးမှာ ကြေညာချက်တွေ မပေးနိုင်ရင်၊ နိုင်ငံရေးတိုက်ပွဲတခုကို ဆင်နွှဲနိုင်မှာ မဟုတ်ပါဘူး။ တော်လှန်ရေးအင်အားတွေကို စည်းရုံးစုစည်း၊ စည်းကမ်းတကျ ဖြစ်အောင် လုပ်ဖို့နဲ့ တော်လှန်ရေးနည်းပရိယာယ်တွေ ဖော်ထုတ်ဖို့ဆိုတာလည်း ဒီပြဿနာတွေကို တပြည်လုံးဗဟို သတင်းစာတစောင်မှာ ဆွေးနွေးဖို့ လိုတယ်။ ကိစ္စအဝဝ ဖြေရှင်းရာမှာ လိုက်နာရမယ့် စည်းကမ်းတွေ၊ ဖြေရှင်းတဲ့ပုံစံတွေကို စုပေါင်းသတ်မှတ်ထားဖို့ လိုတယ်။ ဗဟိုသတင်းစာကတဆင့် တပါတီလုံး အပေါ်မှာ ပါတီဝင်တိုင်းက ဘယ်လိုတာဝန်ယူရမယ်ဆိုတာ သတ်မှတ်ထားဖို့ လိုတယ်။

ရှိရှိသမျှ ပါတီအင်အား (စာပေအင်အား၊ စည်းရုံးရေးစွမ်းအား၊ ရုပ်ဝတ္ထုအင်အားစတာ) အားလုံးကို စုစည်းအသုံးပြုကာ ပါတီတခုလုံးအတွက် အာဘော်သတင်းစာကို တည်ထောင်ပြီး မှန်ကန်စွာစီမံလည်ပတ်ရေး အကြောင်းကို ပြောဆိုတဲ့အခါမှာ တခြားလှုပ်ရှားမှု သဏ္ဍာန်တွေကို နောက်တန်းပို့ထားဖို့ ဆိုတဲ့အတွေး နည်းနည်းမှ မရှိပါဘူး။ ဥပမာ ဒေသအသီးသီးမှာ လှုံ့ဆော်ရေး လုပ်တာ၊ ဆန္ဒပြတာ၊ သပိတ်မှောက်တာ၊ သူလျှိုတွေကို ဖော်ထုတ်အပြစ်ပေးတာ၊ ခနရှင်လူတန်းစားနဲ့ အစိုးရကိုယ်စားလှယ်တွေကို ဆန့်ကျင်ဖို့ လှုံ့ဆော်တာ၊ သပိတ်တိုက်ပွဲဆင်နွှဲတာစတဲ့ တခြားလှုပ်ရှားမှုသဏ္ဍာန်အားလုံး အပေါ်မှာ အခြေခံတာပါ။ ဒါပေမဲ့ ဒါတွေကို ပါတီတရပ်လုံးရဲ့အာဘော် သတင်းစာကနေ စုစည်း၊ စည်းရုံးမပေးရင် ဒီတော်လှန်ရေးတိုက်ပွဲသဏ္ဍာန်တွေရဲ့ အရေးပါမှု ၉၀% ဟာ ဆုံးရှုံးသွားပါလိမ့်မယ်။ ဒီတိုက်ပွဲတွေကတဆင့် ပါတီရဲ့ အတွေ့အကြုံ၊ အစဉ်အလာတွေ၊ ခြေလှမ်းတွေ ပေါ်ပေါက်လာမှာ မဟုတ်ပါဘူး။ ပါတီသတင်းစာဟာ ဒီလှုပ်ရှားမှုတွေရဲ့ ယှဉ်ပြိုင်ဘက်မဟုတ်တဲ့အပြင် ဒီလှုပ်ရှားမှုတွေကို တိုးချဲ့ဖို့၊ သိပ်သည်းခိုင်မာစေဖို့၊ စနစ်တကျဖြစ်စေဖို့ အများကြီး အထောက်အကူပြုပါလိမ့်မယ်။

ရုရှားဒီမိုကရေစီပါတီရဲ့အခြေအနေဟာ တခြားဥရောပနိုင်ငံတွေက ဆိုရှယ်ဒီမိုကရေစီပါတီတွေနဲ့လည်းမတူ၊ ရုရှားတော်လှန်ရေးပါတီဟောင်းတွေနဲ့လည်း မတူတာကြောင့် အင်အား အားလုံးစုစည်းပြီး ပါတီသတင်းစာတစောင် တည်ထောင်ကာ ပုံမှန်ထုတ်ဝေဖြန့်ချိနိုင်အောင် လုပ်ကြဖို့ လိုအပ်နေတာပါ။ ဂျာမဏီ၊ ပြင်သစ်စတဲ့ နိုင်ငံတွေက အလုပ်သမားတွေမှာ သူတို့ရဲ့လှုပ်ရှားမှုတွေကို အများသိအောင် ဖော်ထုတ်ဖို့၊ လှုပ်ရှားမှုတွေကို စနစ်တကျဖြစ်အောင်လုပ်ဖို့ သတင်းစာတွေအပြင် တခြားနည်းနာတွေ အများကြီး ရှိကြပါတယ်။ ဥပမာ ပါလီမန်ထဲ ပါဝင်လှုပ်ရှားမှု၊ ရွေးကောက်ပွဲလှုံ့ဆော်မှုများ၊ တရားဝင်အစည်းအဝေးများ၊ (မြို့ပြကျေးလက်) ဒေသ လူထုအသင်းအဖွဲ့များမှာ ပါဝင်မှု၊ (လုပ်ငန်းကြီး၊ လုပ်ငန်းသေး) သမဂ္ဂများ တရားဝင်ထူထောင်မှု စတာစတာတွေ ရှိကြပါတယ်။ ကျွန်တော်တို့ကတော့ ဒါတွေအားလုံး (ဟုတ်ပါတယ် ဒါတွေအားလုံး) နေရာမှာ (ကျွန်တော်တို့ နိုင်ငံရေးလွတ်လပ်စွာ လှုပ်ရှားခွင့် မရမချင်း) တော်လှန်ရေးသတင်းစာတစောင်နဲ့ အစားထိုး လုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။ ဒီလိုသတင်းစာ မရှိရင် အလုပ်သမားလူတန်းစားလှုပ်ရှားမှု တခုလုံးကို ကျယ်ကျယ်ပြန့်ပြန့် စည်းရုံးဖို့ မဖြစ်နိုင်ပါဘူး။ ကျွန်တော်တို့ဟာ လျှို့ဝှက်လုပ်ကြံမှုတွေကို မယုံကြည်ပါဘူး။ အစိုးရကို ဖျက်ဆီးဖို့၊ တဦးချင်း တော်လှန်ရေးဆန်ဆန် စွန့်စားလုပ်ကြတာကိုလည်း ဆန့်ကျင်ပါတယ်။ ဂျာမန်ဆိုရှယ်ဒီမိုကရေစီပါတီရဲ့ ရင့်ကျက်တဲ့ ပါတီဝင်ကြီး လစ်ဘ်ညက်ရဲ့စကားတွေကို ကျွန်တော်တို့ လှုပ်ရှားမှုတွေအတွက် သတိပေးဆောင်ပုဒ်အဖြစ် ယူဆပါ။ "လေ့လာပါ။ အသိ/ဝါဒ ဖြန့်ချိရေး လုပ်ပါ။ စည်းရုံးပါ" ဒါတွေလုပ်ဖို့ ဆုံချက်ကတော့ ပါတီအာဘော် သတင်းစာပဲ ဖြစ်နိုင်ပါတယ်။ ဖြစ်ရပါမယ်။

ဒါပေမဲ့ ပုံမှန်လည်ပတ်ပြီး အနည်းနဲ့အများ တည်ငြိမ်မှုရှိတဲ့ သတင်းစာ တစောင်ထောင်ဖို့ ဖြစ်နိုင်ပါသလား။ ဘယ်လိုအခြေအနေမျိုးမှာ ဖြစ်နိုင်မလဲဆိုတဲ့ ကိစ္စကိုတော့ နောက်တခါမှာ ဆွေးနွေးပါမယ်။

လီနင် (၁၈၉၉)

## အမြန်ရှင်းရန်လိုသောပြဿနာတခု
## (လီနင် ၁၈၉၉)

ကျွန်တော်တို့အတွက် လတ်တလောလုပ်ရမယ့် အလုပ်က ပါတီ အာဘော်သတင်းစာတစောင် ထူထောင်ဖို့ ဖြစ်တယ်။ သတင်းစာကို ပုံမှန် ထုတ်ဝေဖြန့်ချိဖို့ဖြစ်တယ် ဆိုတဲ့အကြောင်း ယခင်ဆောင်းပါးမှာ ကျွန်တော်တို့ ပြောခဲ့ပါတယ်။ နောက်ပြီး ဒါဖြစ်နိုင်မလား၊ ဘယ်အခြေအနေမှာ ဖြစ်နိုင်မလဲဆိုတဲ့ ပြဿနာကိုလည်း တင်ပြခဲ့တယ်။ အခု ဒီပြဿနာရဲ့ ပိုအရေးကြီးတဲ့ဘက်များကို သုံးသပ်ပါမယ်။

ဒီရည်ရွယ်ချက် အထမြောက်ဖို့ဆိုရင် ဒေသဆိုင်ရာ လှုပ်ရှားမှုတွေ သွက်လက်နေဖို့ ပထမဆုံးလိုလိမ့်မယ်ဆိုတဲ့ စောဒက အဓိကတက်ကြလိမ့်မယ် ထင်ပါတယ်။ ဒီစောဒကကို အကျယ်အပြန့်ပြောနေတဲ့တိုင်အောင် ဒါဟာ မှားယွင်းတယ်လို့ ကျွန်တော်တို့ မြင်ပါတယ်။ ပါတီအာဘော်သတင်းစာထောင်ဖို့၊ ထိုမှတဆင့် ပါတီပင်ကိုယ်ကို ထူထောင်ဖို့၊ သတင်းစာနဲ့ပါတီကို အခြေခံခိုင်မာ အောင်လုပ်ဖို့ ဖြစ်နိုင်တယ်။ ချက်ချင်းလည်း စလုပ်ကြရမယ်လို့ မြင်ပါတယ်။ ဒီခြေလှမ်းကိုလှမ်းဖို့ အခရာကျတဲ့ အချက်အလက်တွေ ရှိနေပြီပဲ။ ကြည့်ပါ။ ဒေသချင်း ပါတီလုပ်ငန်းတွေ လုပ်ဆောင်နေကြပြီပဲ။ အမြစ်တွယ်နေတာလည်း အထင်အရှားပဲ။ အစိုးရပုလိပ်က တိုက်ခိုက်တာ စိပ်စိပ်လာနေတဲ့ကြားက လုပ်ငန်းတွေဟာ ခဏတာလောက်သာ ရပ်ဆိုင်းသွားတာပဲ။ ဆုံးရှုံးအင်အားတွေ နေရာမှာ အင်အားသစ်တွေ အမြန်အစားထိုး ဝင်လာနေကြတာပဲ။ နောက်ပြီး ပါတီမှာ သတင်းစာထုတ်ဖို့ အရင်းအမြစ်တွေ၊ စာပေအင်အားစုတွေ၊ ပြည်ပမှာ သာမက ပြည်တွင်းမှာပါ ရှိနေပါတယ်။ ဒါကြောင့် ပြဿနာက လုပ်လက်စ အလုပ်တွေကို “အပျော်တမ်းဆန်ဆန်” ဆက်လုပ်နေကြမလား။ ဒါမှမဟုတ် ဒီအလုပ်တွေကို တသားတည်းသော ပါတီရဲ့ လုပ်ငန်းအတွင်း စုစည်းပေးပြီး အားလုံးကို ပါတီအာဘော်သတင်းစာမှာ ရောင်ပြန်ဟပ် ဖော်ပြတာ လုပ်မလား ဆိုတဲ့အချက် ဖြစ်ပါတယ်။

ဒီနေရာမှာ ကျွန်တော်တို့လှုပ်ရှားမှုအတွက် အမြန်ဆုံးဖြေရှင်းရမယ့် ပြဿနာကို ပြောပါမယ်။ တိုတိုပြောရရင် စည်းရုံးဖွဲ့စည်းမှုပြဿနာပဲ။ တော်လှန်ရေးအဖွဲ့အစည်း၊ တော်လှန်ရေးစည်းကမ်းတွေကို ကောင်းအောင် လုပ်ဖို့၊ မြေအောက်နည်းနာတွေကို ကောင်းမွန်အောင်လုပ်ဖို့ လုံးဝလိုအပ်

ပါတယ်။ ပွင့်ပွင့်လင်းလင်း ဝန်ခံရရင် ဒီကိစ္စတွေမှာ ကျွန်တော်ဟာ ရှရှားပါတီဟောင်းများကို မီအောင်မလိုက်နိုင်သေးပါဘူး။ မီအောင်၊ ကျော်တက်နိုင်အောင် အစွမ်းကုန်ကြိုးစားကြရပါမယ်။ အဖွဲ့အစည်းအရည်အသွေး မမြင့်ဘဲနဲ့ အလုပ်သမားလူတန်းစားလှုပ်ရှားမှု တိုးတက်ရေးဟာ မဖြစ်နိုင်ပါ။ ဒါယုတ်စွအဆုံးပြောတာပါ။ အထူးသဖြင့် သတင်းစာတရပ်ကို ပုံမှန်ဦးဆောင်လည်ပတ်ထားတဲ့၊ တက်ကြွတဲ့ပါတီတရပ် ထူထောင်ရေး မဖြစ်နိုင်ပါ။ ဒါကတဖက်။ အခြားတဖက်မှာဆိုရင် လက်ရှိပါတီဌာနများ (လုပ်ငန်းအဖွဲ့များ၊ အစုများ၊ သတင်းစာများ) စည်းရုံးဖွဲ့စည်းမှုပြဿနာတွေကို ပိုမိုဂရုစိုက်ကြရမယ်။ ဒေသအသီးသီး အစုများကို စည်းရုံးရေးကိစ္စနဲ့ပတ်သက်ပြီး တွန်းအားပေးကြရမယ်။

ဒေသအသီးသီးမှာ အပျော်တမ်းဆန်ဆန်တွေလုပ်ရင်း ပုဂ္ဂိုလ်ရေးဆက်သွယ်မှုတွေ အလွန်အကျွံများသွားတာချည်းပါပဲ။ လေ့လာရေးအစုလုပ်ဟန်တွေ ဖြစ်သွားတာချည်းပဲ။ ကျွန်တော်တို့ဟာ လေ့လာရေးအစုအဆင့်ကနေ ကြီးထွားလာကြတာပါ။ ဒီအဆင့်ဟာ လက်ရှိကျွန်တော်တို့လုပ်ငန်းတွေအဖို့ အတော့်ကို ကျဉ်းမြောင်းလာနေပြီ။ ဒီအဆင့်လုပ်ရင်းကနေ အင်အားစုတွေအလွန်အကျွံဖြုန်းတီးရာ ရောက်သွားတတ်ပါတယ်။ အင်အားတွေကို တသားတည်း၊ တခုတည်းသောပါတီ အဖြစ်သို့ စုစည်းလိုက်မှသာ အလုပ်တာဝန်ခွဲလုပ်ဆောင်ရေး၊ အင်အားချွေတာရေးမှုတွေကို အတိအကျလိုက်နာလုပ်ကိုင်နိုင်မှာပါ။ ဒီလို လုပ်ကိုင်နိုင်မှလည်း ဆုံးရှုံးမှုတွေကို လျော့ပစ်နိုင်မှာပါ။ ဒါမှလည်း သက်ဦးဆံပိုင်အစိုးရရဲ့ ဖိနှိပ်မှုနဲ့ အရမ်းကာရော ဖမ်းဆီးမှုတွေကို ရင်ဆိုင်နိုင်တဲ့ အမာခံအင်အားကို အတတ်နိုင်ဆုံး ခိုင်မာအောင် တည်ဆောက်နိုင်မှာပါ။ ကျွန်တော်တို့လို ရှရှားမှာ "ယူဂျီ" လောကထဲ လျှိုနေရတဲ့ ဆိုရှယ်လစ်အစုသေးသေးလေးတွေ ရင်ဆိုင်နေရတာက ဆိုရှယ်လစ်နဲ့ဒီမိုကရေစီကို ချေမှုန်းဖို့ အစွမ်းကုန်ကြိုးစားနေတဲ့ အင်အားအကြီးဆုံး ခေတ်မီအစိုးရယန္တရားကြီး ဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် ဒီဖိနှိပ်ရေးယန္တရားကို နောက်ဆုံးမှာ ချေမှုန်းပစ်နိုင်လိမ့်မယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့လူ့အဖွဲ့အစည်းမှာ ယေဘုယျပုံမှန်ကျပြီး ဖွံ့ဖြိုးနေတဲ့လူမှန်ရင် ဒီမိုကရေစီစနစ်နဲ့ ဆိုရှယ်လစ်စနစ်ကို ကြိုက်ကြတာ ဖြစ်လို့ပါပဲ။ ဒါပေမဲ့ အစိုးရကို စနစ်တကျ တိုက်ပွဲဆင်ဖို့ဆိုရင် တော်လှန်ရေးအဖွဲ့အစည်း၊ စည်းကမ်းနဲ့ မြေအောက်လုပ်ငန်းနည်းပရိယာယ်တွေကို အကောင်းမွန်ဆုံးဖြစ်အောင် မြှင့်တင်ကြရပါမယ်။ ပါတီဝင်တဦးချင်း၊ ပါတီဝင်အစုအဖွဲ့ တစုချင်းဟာ အမျိုးမျိုးသော ပါတီလုပ်ငန်းတွေကို ကိုယ်စီခွဲဝေပြီး အထူးသီးသန့် လုပ်နေကြရပါမယ်။ တချို့က စာရွက်စာတမ်း မူပွားတဲ့လုပ်ငန်း၊ တချို့က နယ်စပ်ဖြတ်ကျော်ပြီး စာစောင်တွေပို့တဲ့လုပ်ငန်း၊ တချို့က ရှရှားပြည်တွင်း စာစောင်ဖြန့်ဝေတဲ့လုပ်ငန်း၊ တချို့က

မြို့ကြီးတွေမှာ စာစောင်ဖြန့်ဝေတဲ့လုပ်ငန်း၊ တချို့က လျှို့ဝှက်အစည်းအဝေးနေရာတွေ စီစဉ်ပေးတဲ့လုပ်ငန်း၊ တချို့က ရန်ပုံငွေ စုဆောင်းတဲ့လုပ်ငန်း၊ တချို့က သတင်းတွေ၊ လုပ်ရှားမှုအချက်အလက်တွေ ပို့ပေးတဲ့လုပ်ငန်း၊ တချို့က အဆက်အသွယ် ပြတ်မသွားအောင် ထိန်းသိမ်းတဲ့လုပ်ငန်း စတဲ့စတဲ့ လုပ်ငန်းတွေကို ခွဲဝေလုပ်နေကြရပါမယ်။ ခါတိုင်းလုပ်နေကျ လေ့လာရေးအစုတွေထဲက အလုပ်တွေ လုပ်တာနဲ့စာရင် အခုလို အလုပ်တာဝန်ခွဲဝေပြီး သီးသန့်လုပ်တာမျိုးဟာ ကိုယ့်ကိုယ်ကို အများကြီးထိန်းချုပ်ဖို့ လိုတယ်။ သေးသေးမွှားမွှား လူသူမမြင်တဲ့ နေ့စဉ်အလုပ်ကလေးတွေကို အာရုံစိုက်နိုင်ဖို့ အများကြီးလိုတယ်။ တကယ့်သူရဲကောင်းဝါဒရှိဖို့ အများကြီးလိုတယ်။

ဘာပဲဖြစ်ဖြစ် ရုရှားဆိုရှယ်လစ်တွေရဲ့ ရုရှားအလုပ်သမားလူတန်းစားမှာ သူရဲကောင်းပီသတဲ့ အရည်အသွေးတွေ ရှိတယ်ဆိုတာ ပြသခဲ့ပြီးပါပြီ။ ဒါကြောင့် သာမန်အားဖြင့် ပြောရရင် လူမလုံလောက်ဘူးဆိုရင် ညည်းညူနေတာဟာ မကောင်းပါဘူး။ အလုပ်သမားလူငယ်တွေမှာ ဒီမိုကရေစီနဲ့ ဆိုရှယ်လစ်ရေးအတွက် ပြင်းထန်တဲ့၊ မထိန်းချုပ်နိုင်တဲ့ တက်ကြွမှုတွေရှိနေတာ တွေ့နိုင်တယ်။ ထောင်ထဲမှာ လူတွေအများကြီးပဲ။ ပြည်နှင်ဒဏ်နဲ့ နိုင်ငံခြားရောက်နေရသူတွေလည်း အများကြီးပဲဆိုပေမယ့် ပညာတတ်တွေဟာ အလုပ်သမားတွေကို ကူညီဖို့ အဆက်မပြတ် ရောက်လာနေတုန်းပဲ။ ဒီအင်အားသစ်တွေကြားမှာ စည်းကမ်းတင်းကျပ်တဲ့ အဖွဲ့အစည်းတရပ်ရှိဖို့ လိုတယ်ဆိုတဲ့ စဉ်းစားမှုမျိုး အကျယ်အပြန့်ရှိလာအောင် လုပ်နိုင်ရင် ပုံမှန်ထုတ်ဝေဖြန့်ချိမယ့် ပါတီသတင်းစာ တစောင်ထောင်ဖို့ စီမံကိန်းဆိုတာ အိပ်မက်မျှ မဟုတ်တော့ပါ။ ဒီစီမံကိန်း ဖြစ်မြောက်ဖို့ ရှိရမယ့်လိုအပ်ချက်တခုကို ကြည့်ရအောင်။ သတင်းစာအတွက် သတင်းတွေနဲ့တခြားကုန်ကြမ်း အချက်အလက်တွေ နေရာတကာက ပုံမှန်ပေးပို့နေဖို့ လိုတယ်ဆိုတဲ့ အချက်ပါ။ ကျွန်တော်တို့နဲ့ တော်လှန်ရေးလှုပ်ရှားမှု မြန်မြန်ပေါ်လာတဲ့အခါတိုင်း သတင်းစာထုတ်ရေးဟာ ဖြစ်နိုင်တယ်။ နိုင်ငံခြားကနေ ထုတ်ဝေတဲ့ စာစောင်တွေအတွက်တောင် ဖြစ်နိုင်တယ်ဆိုတာ သမိုင်းက သက်သေပြခဲ့ပြီ မဟုတ်ပါလား။ ဒေသအသီးသီးမှာ အလုပ်လုပ်နေကြတဲ့ ဆိုရှယ်ဒီမိုကရေစီ အင်အားများအနေနဲ့ ပါတီသတင်းစာကို သူတို့ကိုယ်ပိုင် သတင်းစာအဖြစ် ယူဆလာကြကာ သတင်းစာနဲ့ ပုံမှန်အဆက်အသွယ် ထိန်းသိမ်းထားရေး၊ သူတို့ပြဿနာများကို သတင်းစာထဲမှာ ရောင်ပြန်ဟပ်နေစေရေးတို့ကို သူတို့ရဲ့ အဓိကလုပ်ငန်းအဖြစ် သဘောထားလာကြမယ်ဆိုရင် လှုပ်ရှားမှုသတင်းအချက်အလက် အပြည့်အစုံကို သတင်းစာဆီအရောက် ပို့ဖို့ဟာ ဖြစ်ကိုဖြစ်နိုင်ပါတယ်။ ဓမ္မတာပဲ လျှို့ဝှက်ရေးစည်းကမ်းနည်းလမ်းတွေအတိုင်း လိုက်နာလုပ်ဖို့တော့ လိုတာပေါ့။ ဒါတွေကလည်း သိပ်မရှုပ်လှပါဘူး။ တခြားလိုအပ်ချက်ဖြစ်တဲ့

သတင်းစာကို ရုရှားနိုင်ငံဒေသအားလုံးသို့ ပုံမှန်အရောက် ဖြန့်ဝေရေးဆိုတဲ့ အချက်ကတော့ လုပ်နေဖို့ ခက်ပါတယ်။ သတင်းစာတွေကို လူထုတရပ်လုံးဆီ အရောက်ပို့ရေးကို အခုလောက် အလေးမထားခဲ့တဲ့ ဟိုတုန်းက ရုရှား တော်လှန်ရေးလှုပ်ရှားမှု ကာလတွေထက် လုပ်ရပိုခက်ပါတယ်။ ဒါပေမဲ့ ဆိုရှယ် ဒီမိုကရေစီ သတင်းစာများ ထုတ်ဝေခြင်း ရည်ရွယ်ချက်အရကြည့်ရင် ဒီဖြန့် ဝေရေးကိစ္စဟာ သိပ်မခက်ပြန်ပါဘူး။ ဒီသတင်းစာကို ပုံမှန်ကျကျ၊ စောင်ရေ များများ ပို့ပေးရမယ့် အဓိကနေရာတွေက အချက်အချာ စက်မှုဇုံနယ်မြေတွေ၊ စက်ရုံမြို့ရွာတွေ၊ မြို့ပြစက်ရုံရပ်ကွက်တွေစတဲ့ နေရာတွေ ဖြစ်ပါတယ်။ ဒီလိုနေရာ မျိုးတွေမှာ နေကြတဲ့လူ အားလုံးလိုလိုဟာ အလုပ်သမားတွေချည်းပါပဲ။ တကယ့် လက်တွေ့မှာ ဒီလိုနေရာမျိုးမှာ အလုပ်သမားက အခြေအနေကို ထိန်းချုပ်ထား တာပါ။ အလုပ်သမားမှာ ပုလိပ်ကိုလှည့်ဖြားတဲ့ နည်းနာတွေ အများကြီး ရှိပါတယ်။ အနီးအနား စက်ရုံအုပ်စုတွေနဲ့ ဆက်ဆံရာမှာ မိမိတို့ကိုယ်စီ အထူး ပိုင်နိုင်တဲ့ လှုပ်ရှားမှုကလေးတွေအပေါ် မူတည်ဆက်ဆံကြပါတယ်။ ၁၈၇၈ – ၉၀ ဂျာမဏီမှာ ဆိုရှယ်လစ်နှိပ်ကွပ်ရေး အထူးဥပဒေကျင့်သုံးစဉ်ကာလက ဂျာမန်ပုလိပ်တွေ လုပ်ပုံကိုင်ပုံဟာ ရုရှားပုလိပ်တွေထက် မညံ့ပါဘူး။ သာချင် တောင် သာပါလိမ့်ဦးမယ်။ ဒါပေမဲ့ ဒီတုန်းက ဂျာမန်အလုပ်သမားတွေဟာ သူတို့ရဲ့ စည်းရုံးဖွဲ့စည်းမှု၊ စည်းကမ်းရှိမှုတွေ အားကိုးပြီး တရားမဝင် အပတ်စဉ် သတင်းစာတစောင်ကို နယ်စပ်ပိတ်ဆို့မှုကို ဖြတ်ကျော်ပုံမှန်သယ်ပို့ကာ သတင်းစာမှာယူသူတွေဆီ အရောက်ပို့ပေးနိုင်ခဲ့ပါတယ်။ ဒါကြောင့် အစိုးရ ဝန်ကြီးတွေကတောင် ဆိုရှယ်ဒီမိုကရေစီစာတိုက် (“အနီရောင်စာတိုက်”) ကို အားမကျဘဲ မနေနိုင်ခဲ့ပါဘူး။ ကျွန်တော်တို့ဆီမှာတော့ ဒီလောက်ထိ ပြောင်မြောက်ဖို့ မရည်မှန်းဘူးပေါ့။ ဒါပေမဲ့ ကျွန်တော်တို့ ဒီဦးတည်ချက်အတိုင်း အားထုတ်လုပ်ကြမယ်ဆိုရင် ပါတီသတင်းစာကိုပဲ အနည်းဆုံးတနှစ် ၁၂ ကြိမ် ထုတ်နိုင်ပြီး လှုပ်ရှားမှုအချက်အချာနေရာ အားလုံးမှာ ရှိနေကြတဲ့ ဆိုရှယ်လစ် ဝါဒ လိုလားသူ အလုပ်သမားအစုအားလုံးဆီ ပုံမှန်အရောက် ပို့နိုင်မှာ သေချာ ပါတယ်။

လုပ်ငန်းတာဝန်ခွဲဝေပြီး သီးသန့်စီလုပ်ဖို့ကိစ္စ ပြန်ဆွေးနွေးရမယ်ဆိုရင် ဒီလို မလုပ်နိုင်သေးတာဟာ တပိုင်းက “အပျော်တမ်းဆန်” တဲ့ အလုပ်တွေပဲ များနေတာကြောင့်အပြင် နောက်တပိုင်းက ကျွန်တော်တို့ ဆိုရှယ်ဒီမိုကရေစီ သတင်းစာတွေအနေနဲ့ စည်းရုံးရေး ပြဿနာတွေအပေါ် အလေးထားမှု သိပ်ကို နည်းပါးတာကြောင့်ပါပဲ။

တစောင်တည်းသော ပြည်လုံးဆိုင်ရာ ပါတီသတင်းစာ ထောင်နိုင်မှ သာ တော်လှန်ရေးလှုပ်ရှားမှုအတွင်း ‘ကျရာနယ်ပယ်တခုက အလုပ်သမား’

ကို သူဟာ 'ဘဝတူ' တွေနဲ့အတူ ချိတက်နေပါကလား ဆိုတဲ့အသိ၊ သူ့ရဲ့ အလုပ်ဟာ ပါတီအတွက် တိုက်ရိုက်အရေးကြီးပါကလား ဆိုတဲ့အသိ၊ ရုရှား ပစ္စည်းမဲ့လူတန်းစားနဲ့ ပြည်သူလူထုရဲ့ အဆိုးဝါးဆုံးရန်သူ သက်ဦးဆံပိုင်အစိုးရရဲ့ လည်ပင်းကို စုပ်မယ့် ကြိုးကွင်းထဲမှာ သူဟာ ကွင်းဆက်ကလေးတခုပါလားဆိုတဲ့ အသိကို ပေးနိုင်မှာ ဖြစ်ပါတယ်။ ဒီလို လုပ်ငန်းတာဝန် ခွဲဝေလုပ်ဆောင်ရေးပုံစံကို အတိအကျလိုက်နာ လုပ်ဆောင်မှသာ ကျွန်တော်တို့ အင်အားတွေကို ချွေချွေ တာတာ အသုံးချနိုင်မှာ ဖြစ်ပါတယ်။ ဒါမှသာ တော်လှန်ရေးလုပ်ငန်းတွေကို ထောင့်စေ့အောင် လူအနည်းငယ်မျှနဲ့ လုပ်နိုင်ရုံသာမက လက်ရှိလှုပ်ရှားမှု တွေထဲက တချို့အစိတ်အပိုင်း အတော်များများကို တရားဝင်ဘောင်ထဲ သွင်းနိုင် မယ့်အခွင့်အရေး ပေါ်လာနိုင်မှာ ဖြစ်ပါတယ်။ လှုပ်ရှားမှုကို တရားဝင်ဖြစ်အောင် လုပ်တဲ့ကိစ္စကို ဟိုးစောစောပိုင်းကတည်းက ဂျာမန်ဆိုရှယ်ဒီမိုကရက်တွေရဲ့ အဓိကဂျာနယ်ဖြစ်တဲ့ "ရှေ့သို့" ဂျာနယ်မှာ ရုရှားဆိုရှယ်လစ်တွေအတွက် ဦးတည်ပြီး အကြံပေးခဲ့ဖူးပါတယ်။ ဒါဟာ သေသေချာချာ စဉ်းစားသင့်တဲ့ကိစ္စပါ။ မြို့တွေမှာ ဒေသလေ့လာရေး အစုထဲမှာ လုပ်ခဲ့သူ အားလုံးနီးပါး အလွယ်တကူ မှတ်မိနေပါလိမ့်မယ်။ လေ့လာရေးအစုတွေ လက်တွေ့လုပ်ကိုင်ရတဲ့ ကိစ္စ အမျိုးမျိုးတွေထဲမှာ တချို့က တရားဝင်ကိစ္စတွေပါ။ (ဥပမာ အလုပ်သမားတွေရဲ့ ဘဝအခြေအနေဆိုင်ရာ အချက်အလက်စုဆောင်းတဲ့ကိစ္စ၊ ပြဿနာ အတော် များများသိဖို့ တရားဝင်စာအုပ်စာပေတွေ လေ့လာတဲ့ကိစ္စ၊ တချို့သော နိုင်ငံခြား စာအုပ်မျိုးတွေကို ကိုးကားသုံးသပ်တဲ့ကိစ္စ၊ တချို့သော အဆက်အသွယ်မျိုး များကို မပြတ်အောင် ထိန်းထားတဲ့ကိစ္စ၊ အလုပ်သမားတွေကို အထွေထွေ ပညာရေး သင်ကြားရာမှာ စက်ရုံဥပဒေလေ့လာရာမှာ ကူညီတဲ့ကိစ္စ စတာတွေ ဖြစ်ပါတယ်။) ဒီကိစ္စမျိုးတွေကို လူတချို့ကိုပဲ သီးသန့်လုပ်ခိုင်းထားခြင်းအားဖြင့် ကျွန်တော်တို့ တော်လှန်ရေးတပ်ဖွဲ့ရဲ့ 'ပစ်ခတ်ရေးစစ်မျက်နှာ' ကို 'ပစ်ခတ် မီးအား' မလျော့ပါးစေဘဲ လူအင်အားလျှော့ချလို့ ရတာပေါ့။ ဒီနည်းနဲ့ အရန် တပ်အင်အားကို တိုးချဲ့နိုင်ပါတယ်။ အရန်အင်အားနဲ့ "ကျဆုံးဒဏ်ရာရသူတွေ" ရဲ့ နေရာကို အစားထိုးလို့ ရတာပေါ့။ ဒီလိုဖြစ်ဖို့ဆိုရင် လှုပ်ရှားအင်အားရော၊ အရန်အင်အားတွေပါ သူတို့ရဲ့ ကိုယ်စီလှုပ်ရှားမှုတွေကို တပြည်လုံးဆိုင်ရာ ပါတီသတင်းစာထဲမှာ ရောင်ပြန်ဟပ် ဖော်ပြထားတာတွေ ရှိရပြီး သူတို့နဲ့ သတင်းစာကြား ဆက်သွယ်မှုကို ခံစားမိနေတဲ့အခါမှသာ ဖြစ်နိုင်ပါတယ်။ အလုပ်တွေကို ဘယ်လောက်ပဲ ခွဲဝေလုပ်လုပ်၊ အလုပ်သမားများ၊ ဒေသအစု များရဲ့ ဒေသချင်းအစည်းအဝေးတွေကို ကျင်းပဖို့တော့ အမြဲတမ်း လိုအပ်နေ မှာပါ။ ဒါပေမဲ့ တဖက်ကကြည့်ရင် (အထူးသဖြင့် ပုလိပ်ရန်ကြောက်ရပြီး ရလဒ် ကလည်း စွန့်ရတာနဲ့ မကာမိတဲ့) တော်လှန်ရေး လူထုအစည်းအဝေး ကျင်းပ

ရတဲ့ အကြိမ်အရေအတွက် သိသိသာသာလျော့နည်းသွားပါလိမ့်မယ်။ အခြားတဖက်ကကြည့်ရင် တကယ်လို့ တော်လှန်ရေးလုပ်ငန်းကဏ္ဍ အမျိုးမျိုးကို သီးသန့်စီခွဲဝေလုပ်ဆောင်တဲ့ စနစ်ရှိနေရင် ဒီလူထုအစည်းအဝေးတွေကို တရားဝင်စုဝေးမှု ပုံစံတွေနဲ့ ဖုံးကွယ်ထားနိုင်တဲ့ အခွင့်အလမ်း ပိုများလာမှာပါ။ တရားဝင်စုဝေးမှုပုံစံဆိုတာ ဥပမာ ဖျော်ဖြေရေးပွဲတွေ၊ တရားဥပဒေက ခွင့်ပြုထားတဲ့ အသင်းအဖွဲ့များရဲ့ အစည်းအဝေးတွေ စတာတွေ ပါဝင်ပါတယ်။ တတိယနပိုလီယံ လက်ထက်က ပြင်သစ်အလုပ်သမားတွေ ဆိုရှယ်လစ် နှိပ်ကွပ်ရေး အထူးဥပဒေကာလက ဂျာမန်အလုပ်သမားတွေဟာ သူတို့ရဲ့ နိုင်ငံရေး၊ ဆိုရှယ်လစ်ရေး အစည်းအဝေးတွေကို ဖုံးကွယ်မှုအမျိုးမျိုးနဲ့ ကျင်းပနိုင်ခဲ့ကြတယ် မဟုတ်ပါလား။ ရုရှားအလုပ်သမားတွေလည်း ဒါမျိုးလုပ်နိုင်မှာပါ။

အဖွဲ့အစည်းကို ပိုမိုကောင်းမွန်အောင် တည်ဆောက်ပြီး တခုတည်းသော ပြည်လုံးဆိုင်ရာ ပါတီသတင်းစာတစောင် ထုထောင်မှသာ၊ ဆိုရှယ်ဒီမိုကရေစီဝါဒ ဝါဒဖြန့်ချိမှု၊ လှုံ့ဆော်မှုကို ကျယ်ပြန့်နက်ရှိုင်းအောင် လုပ်နိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့မှာ ဒီအချက် လစ်ဟာနေပါတယ်။ ဒေသချင်းဆိုင်ရာ လုပ်ငန်းတွေဟာ မိမိဒေသ ထူးခြားချက်ကလေးများကို ပေါ်လွင်အောင် ဖွံ့ဖြိုးစေဖို့နဲ့ .............. (ဤနေရာတွင် စာမူပြတ်သွားပါသည်။) ဖို့ အသေအချာ လိုအပ်ပါတယ်။ ဒါမျိုး လုပ်ဖို့ဆိုတာလည်း ဗဟိုသတင်းစာတခုလည်းဖြစ်၊ ဒီမိုကရေစီ မြင့်မြင့်မားမား ဖွင့်ပေးထားတဲ့ သတင်းစာလည်းဖြစ်တဲ့ အရာတခု မရှိဘဲ မဖြစ်နိုင်ပါ။ အဲဒီအရာ ရှိမှသာ ဆိုရှယ်ဒီမိုကရေစီပါတီကို ဒီမိုကရေစီ ရှေ့ဆောင် တိုက်ပွဲဝင်အင်အားအဖြစ် ပြောင်းလဲရေးဆိုတဲ့ ကျွန်တော်တို့ရဲ့ အာသီသဟာလည်း တကယ့်လက်တွေ့ ဖြစ်လာပါလိမ့်မယ်။ အဲဒီအခါမှသာ နိုင်ငံရေးနည်းပရိယာယ်ကို ချမှတ်နိုင်ပါလိမ့်မယ်။ ဆိုရှယ်ဒီမိုကရေစီပါတီဟာ "တသားတည်းသော ဖောက်ပြန်တဲ့လူထု" ("one reactionary mass") ဆိုတဲ့ မှားယွင်းတဲ့ သဘောတရားကို ရှုတ်ချခဲ့ပြီးပါပြီ။ [လာဆားလ် (Lassale) ရဲ့ "အလုပ်သမားလူတန်းစားနဲ့ယှဉ်ရင် ကျန်တဲ့လူတန်းစားအားလုံးဟာ အတူတူပဲ။ ဖောက်ပြန်တဲ့ လူထုမျှသာ ဖြစ်တယ်" ဆိုတဲ့ အယူအဆကို ဂိုသာ လုပ်ငန်းစဉ်ဝေဖန်ချက်ထဲမှာ မာ့က်စ်က ဆန့်ကျင်ဝေဖန်ခဲ့ပါတယ်။ ပြန်ဆိုသူ] ဆိုရှယ်ဒီမိုကရေစီဝါဒအရ၊ ဖောက်ပြန်တဲ့ လူတန်းစားများကို ဆန့်ကျင်ရာမှာ တိုးတက်တဲ့ လူတန်းစားများရဲ့ ထောက်ခံမှုကို ရယူရေးဟာ အရေးအကြီးဆုံးသော နိုင်ငံရေးလုပ်ငန်းတာဝန်တခု ဖြစ်ပါတယ်။ အဖွဲ့အစည်းတွေ၊ စာစောင်တွေဟာ ဒေသလက္ခဏာပဲ ဆောင်နေသရွေ့ ဒီလုပ်ငန်းတာဝန်ကို ဆောင်ရွက်နိုင်မှာ မဟုတ်ပါဘူး။ လုပ်သမျှကိစ္စတွေဟာ တဦးချင်းသော 'လွှတ်လပ်မှုမြတ်နိုးသူ' တွေနဲ့ ဆက်ဆံတဲ့ကိစ္စ၊ သူတို့ဆီက အမျိုးမျိုးသော 'အကျိုးပြုမှု' လေးတွေ

ရယူတဲ့ ကိစ္စထက် သိပ်ပိုမှာ မဟုတ်ပါဘူး။ နိုင်ငံရေးတိုက်ပွဲ မူဝါဒများကို စိုက်လိုက်မတ်တတ် ဖော်ဆောင်ကာ ဒီမိုကရေစီအလံကို မြင့်မြင့်မားမားစွဲကိုင် လွှင့်ထူထားတဲ့ ပြည်လုံးဆိုင်ရာ တခုတည်းသော ပါတီသတင်းစာကသာလျှင် တက်ကြွသော ဒီမိုကရေစီအင်အားများကို စည်းရုံးသိမ်းသွင်းနိုင်ပြီး နိုင်ငံရေး လွတ်လပ်မှုရရှိရေး တိုက်ပွဲအတွင်းတွင် ရုရှားနိုင်ငံ တိုးတက်သော အင်အားစု အားလုံးကို အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ အဲဒီအခါမှသာ အစိုးရပုလိပ်တပ်ဖွဲ့နဲ့ အရာရှိများအပေါ် အလုပ်သမားများ တငွေ့ငွေ့ မုန်းတီးနေမှုအဖြစ်သို့ လည်းကောင်း၊ အလုပ်သမားလူတန်းစားနဲ့ ပြည်သူ့အခွင့်အရေးအတွက် အပြင်းအထန်တိုက်ပွဲဆင်ရင် ဆုံးဖြတ်ချက်ချမှုအဖြစ်သို့ လည်းကောင်း ပြောင်းလဲပစ်နိုင်ပါလိမ့်မယ်။ ခေတ်မီရုရှားနိုင်ငံမှာ အထက်ပါအမြင်အခြေခံပေါ်မှာ မူတည်ကာ၊ သိပ်သည်းကျစ်လစ်စွာ စည်းရုံးဖွဲ့စည်းထားသော တော်လှန်ရေး ပါတီတခုဟာ အကြီးမားဆုံး နိုင်ငံရေးအင်အားစု ဖြစ်လာပါလိမ့်မယ်။

နောက်ထုတ်စာစောင်များမှာ ရုရှားဒီမိုကရေစီအလုပ်သမားပါတီရဲ့ လုပ်ငန်းစဉ်မူကြမ်းကို တင်ပြပြီး စည်းရုံးရေးဆိုင်ရာ ပြဿနာအမျိုးမျိုးကို အသေးစိတ် စတင်ဆွေးနွေးပါမယ်။

လီနင် (၁၈၉၉)

လီနင်ရဲ့ Our ImmediateTask, Our Programme နှင့် An Urgent Question တို့ကို ဘာသာပြန်ထားတာ ဖြစ်ပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီ
ဗဟိုဝါဒဖြန့်ချိရေးဌာနက ထုတ်ဝေသည်